The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့ (18-3-2012) (၇၀၆၈)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဇမ္ဗူသီရိ အဆင့်မြင့် အားကစားကွင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားရွာတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိလာရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်-ရဲချုပ်ကျော်ကျော်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတအား စီမံကိန်းရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဝင် ဦးကံချွန်က အားကစားသမား ၇၀၀၀ ခန့် တည်းခိုနေထိုင်နိုင်မည့် အားကစားရွာ၌ အဆောက်အအုံ အလုံး ၁၀၀ တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်ချုပ်ညဏ်ထွန်းတို့က ဇမ္ဗူသီရိအဆင့်မြင့်အားကစားကွင်းနှင့် ဇေယျာသီရိအဆင့်မြင့်အားကစားကွင်းများ တည်ဆောက်ပြီးစီးမှု၊ ရုံတွင်းအားကစားပြိုင်ပွဲ (Indoor Venue)များ ကျင်းပမည့် အဆောက်အအုံများနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်မှု၊ ရေကူးအားကစားပြိုင်ပွဲကျင်းပမည့် ရေကူးကန်နှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဇမ္ဗူသီရိ အဆင့်မြင့်အားကစားကွင်းနှင့် ဇေယျာသီရိ အဆင့်မြင့်အားကစားကွင်းတို့ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်တို့မှ အသိအမှတ်ပြု လက်မှတ်ရရှိသည့်ကွင်းများအဖြစ် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ၂၀၁၃ ခုနှစ် နှစ်စပိုင်းတွင် အဆောက်အအုံများပြီးစီးအောင် ဆောက်လုပ်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရေး၊ အရည်အသွေးပြည့်မီစွာ ဆောက်လုပ်ရေး၊ အားကစားအဆောက်အအုံများ ပြည့်စုံစွာပြီးစီးပြီးနောက် ပြည်တွင်းအားကစားပြိုင်ပွဲများ ကျင်းပ၍ ကွင်းကို စမ်းသပ်အသုံးပြုပြီး အားကစားပြိုင်ပွဲများတွင် လိုအပ်ချက်များရှိက ပြင်ဆင်စီမံဆောင်ရွက်ရေး၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် မကုန်သင့်သည်များကို မကုန်ကျစေရန် စနစ်တကျ သုံးစွဲရေး၊ စံချိန်စံညွှန်းနှင့် ကိုက်ညီအောင် တည်ဆောက်ခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်သွားရေး၊ တည်ဆောက်မှု **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

**အင်တာနက်ကျန်းမာရေးသတင်း**

## ပုံမှန်ရေကူးခြင်းဖြင့် သွေးတိုးဝေဒနာ ကာကွယ်နိုင်

သက်ကြီးပိုင်းအရွယ်ရောက်သူတို့၏ သွေးကြောများတွင် သွေးဖိအားများခြင်း(တစ်နည်းအားဖြင့်) သွေးတိုးဝေဒနာခံစားနေရခြင်းကို ပုံမှန်ရေကူးခြင်းဖြင့် သွေးပေါင်လျော့ကျစေနိုင်သည်၊ သွေးပေါင်ကို ထိန်းထားနိုင်သည်ဟု သုတေသီများကပြောကြားကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အသက် (၄၃)နှစ်အရွယ်လူများမှ ပုံမှန်ရေကူးသူအုပ်စုနှင့် အနားယူအပန်းဖြေ လေ့ကျင့်ခန်းလုပ်သူ အုပ်စုတို့ကို သုတေသနပြု လေ့လာခဲ့ကြရာ ရေကူးသူအုပ်စုသည် တစ်ပတ်လျှင် ပုံမှန်သုံးကြိမ် (သို့မဟုတ်) လေးကြိမ်၊ တစ်ကြိမ်ရေကူးလျှင် ပုံမှန် ၄၅ မိနစ်ကြာ ရေကူးသူများဖြစ်သည်။ ၂၄ နာရီအတွင်း ရေကူးသူများကို သွေးပေါင်ချိန်ကြည့်ရာ ၎င်းတို့၏ သွေးကြောလုပ်ငန်းများသည် ပုံမှန်ရှိနေသည်ဟု ဆိုသည်။

၁၂ ပတ်ကြာ ရေကူးသူများ၏ သွေးပေါင်ကိုကြည့်လျှင် နှလုံးမှတွန်းညှစ်စဉ်ရှိသော သွေးလွှတ်ကြောအတွင်း ဖိအားမှာ ပုံမှန်ထက်ကိုးပွိုင့် လျော့ကျနေသည်ကို ပြသသည်။ ယင်းအချိန်တွင် အနားယူအပန်းဖြေလေ့ကျင့်ခန်းလုပ်သူအုပ်စုတွင် ထူးခြားမှုမရှိဟု လေ့လာသူတို့က အမေရိကန်နှလုံးရောဂါဆိုင်ရာ ဂျာနယ်တွင် ဖော်ပြခဲ့သည်။

ရေကူးသူများ၏ သွေးလွှတ်ကြောအတွင်း သွေးဖိအားကို တိုင်းတာရာ အစပိုင်း၌ 131 mm Hg (millimeters of mercury) ဖြစ်သည်ကို တွေ့ရှိရပြီး သုံးလခန့် ရေကူးပြီးသောအခါ 122 mm Hg သို့ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရကြောင်း သုတေသီ (Hirofumi Tanaka) ဟီရိုဖူမီတာနာကာက ပြောကြားသည်။

ငွေကုန်ကြေးကျသက်သာသော လေ့ကျင့်ခန်း၊ လွယ်ကူစွာ ပြုလုပ်နိုင်သော လေ့ကျင့်ခန်းဖြစ်သည့် ပုံမှန်ရေကူးခြင်းသည် သွေးတိုးဝေဒနာရှင်များအတွက် လုံခြုံစိတ်ချရသော ကာကွယ်မှုတစ်ရပ်ဖြစ်သည်ဟု လေ့လာသူများက သုံးသပ်သည်။

ထို့ပြင် ရေကူးခြင်းသည် ရေပေါ်တွင် ပေါလောပေါ်မှုအရ ခန္ဓာကိုယ်အလေးချိန်မတိုးနိုင်ကြောင်း၊ ရေကူးခြင်းသည် အခြားလေ့ကျင့်ခန်းအမျိုးအစားများနှင့် နှိုင်းယှဉ်ပါက ဒူးနှင့် ခြေမျက်စိအဆစ်များကိုလည်း ကောင်းမွန်စေကြောင်း လေ့လာသူများက ဆိုသည်။

**ပုံမှန်ရေကူးခြင်းသည် သွေးတိုးဝေဒနာရှင်များအတွက် ကာကွယ်မှုတစ်မျိုးဖြစ်သည်။**

**ဘာသာပြန် - ကိုထက်**

ကြေးမုံစာတည်းရှထောင့် ၁၈-၃-၂၀၁၂(တနင်္ဂနွေနေ့)။

# ကောင်းသောစကားကိုသာ ဆိုစေချင်

လူ့လောကတွင် တစ်ဦးတည်း တစ်ယောက်တည်း ဆောင်ရွက်ပြီးစီးသော အလုပ်ဟူ၍မရှိချေ။ လူသားတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး ဆက်ဆံပေါင်းသင်းကြသည်။ ပူးပေါင်းဆောင်ရွက်ကြသည်။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အမှီသဟဲပြုလျက်ရှိသည်။ ဤသို့လူမှုဝန်းကျင် ယှက်နွယ်ရာတွင် ပေါင်းကူးတံတားဖြစ်သည့် စကားပြောခြင်းသည်လည်း မပါလျှင် မပြီးချေ။

ဤသို့စကားပြောဆိုရာဝယ် ကောင်းသောစကား၊ မှန်သောစကားသာလျှင် ပြောဆိုရပေမည်။ မဟုတ်မမှန် အကျိုးမရှိသောစကား၊ ဟုတ်မှန်၍ အကျိုးမရှိသောစကား၊ ဟုတ်မှန်၍ အကျိုးရှိသောစကားတို့အနက် ဟုတ်မှန်၍ အကျိုးရှိသောစကားသည်သာ စကားကောင်းဖြစ်ကြောင်း၊ အာဠ္ဍဝက သုတ္တန်တွင်လည်း မှန်သောစကားပြောဆိုရခြင်းသည် အမြတ်ဆုံးသော အရသာဖြစ်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့ပေသည်။

မှန်သောစကားပြောဆိုခြင်းသည် အလွန်ကျေးဇူးများ၏။ ကတိသစ္စာ၊ တည်သောအခါဝယ်၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏ဟူ၍ ရှေးပညာရှိများက မှန်သောစကား၏ဂုဏ်ရည်ကို ဖော်ထုတ်ခဲ့ကြသည်။ သစ္စာဆိုခြင်းဟူသည်မှာ မှန်သောစကားကို ပြောဆို၍ မိမိလိုလားသောအရာကို အဓိဋ္ဌာန်ပြုခြင်းပင်ဖြစ်သည်။

စကားပြောရာတွင် ချိုသာသောစကားကို လူတိုင်းနှစ်သက်ကြသည်။ ကြမ်းတမ်းခက်ထန်သော စကားကိုမူ မလိုလားကြချေ။ အပြောမတတ် အပတ်မပြေ၊ အလျှောက်ကောင်း အထောင်းသက်သာ၊ နှုတ်ကြောင့်သေ လက်ကြောင့်ကြေဆိုသည့်စကားများအရ စကားပြောဆိုခြင်း၏အရေးပါမှုကို သိရပေသည်။ မလိုအပ်ဘဲလည်း စကားများများ မပြောရပေ။ စကားများလျှင် အမှားပါတတ်သည်။ တစ်ဖက်သားကို ဆရာလုပ်ခြင်း၊ အပြစ်တင်ခြင်း၊ ငြင်းခုံခြင်း၊ တစ်ဖက်သား စကားပြောနေစဉ် လု၍ပြောခြင်းမျိုးကိုလည်း ရှောင်ကြဉ်ရပေမည်။

ကြာရိုးကိုမြင်သဖြင့် ရေတိမ်ရေနက်ကို သိနိုင်သည်။ မြက်ညိုး၊ မညိုးကို မြင်၍ မြေကောင်း၊ မကောင်းသိနိုင်သည်။ စကားပြောခြင်းဖြင့် ထိုသူ၏ အရည်အသွေးကို သိနိုင်သည်ဟု လောကနီတိဆရာက ဆိုခဲ့ပေသည်။ နေ့တိုင်းလိုးလျက် မပြတ်တဲ့ဓား၊ နေ့တိုင်းပြောလျက် မတတ်တဲ့စကား ဆိုသလို နေ့စဉ်နေ့တိုင်း ပြောနေသည့်စကားကိုပင်လျှင် အဆင်ပြေပြေ မပြောတတ်ကြချေ။

စကားပြောရာတွင် သဘာဝကျကျပြောရသည်။ မှျမှျတတပြောရသည်။ သို့မှသာ တစ်ဖက်သားလက်ခံနိုင်လိမ့်မည်။ ကိုယ်ဖြစ်ချင်တာ ကိုယ်လိုချင်တာကိုချည်း ထပ်ပြန်တလဲလဲ နားပူနားဆာပြောဆိုနေလျှင်လည်း လူတကာ အော့ကြောလန်ပေလိမ့်မည်။ ကိုယ်ပြောတာမှ အဟုတ်၊ ကိုယ်လုပ်တာမှ အမှန်၊ ကိုယ်ကြံမှ အောင်မြင်သည်ဟု တစ်ဖက်သတ်ပြောဆိုပါက ဘာအကျိုးမှမရှိ။ စကားသာအဖတ်တင်မည်သာဖြစ်သည်။

လယ်တီဆရာတော်ကြီးက အပြစ်စင်ကြယ်၊ ချစ်ကြင်ဖွယ်နှင့် နာဖွယ်ကျိုးလို၊ ကောင်းစွာဆိုအပ်အကြင်စကားသည် လည်းကောင်းဟူသော စကားအရာ အင်္ဂါလေးတန်နှင့်အညီ ပြောဆိုအပ်သောစကားသည် ကောင်းစွာပြောဆိုအပ်သောစကားမည်၏ဟု ဖွင့်ဆိုချက်တို့ကို နာယူရင်း ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး ပြောဆိုရာတွင် ကောင်းသောစကား၊ မှန်သောစကားတို့သာ ဆိုစေချင်ပါတော့သည်။ ။

# ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၁၇**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၂ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမမြောက်နေ့ကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပရတနာကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်အတွက် ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာ ရွေးချယ်မှတ်သားကြသည်။

နံနက်ပိုင်းမှ စတင်၍ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများကို ရောင်းချရာ ကျောက်စိမ်းအတွဲ စုစုပေါင်း ၂၄ တွဲ ရောင်းချရကြောင်း သိရှိရသည်။

အဆိုပါ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများရောင်းချခြင်းကို မတ် ၁၈ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် မွန်းလွဲပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမသို့လာရောက်၍ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများ ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၈-၃-၂၀၁၂ (တနင်္ဂနွေနေ့)**

| | | | |
|---|---|---|---|
| ၇း၀၅ | တရားတော် | | **-ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၁၆)** |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၁း၀၄ | နိုင်ငံတော်သီချင်း | | နိုင်ငံရေးပါတီများ ဟောပြောချက် |
| ၁၁း၁၅ | သာယာသီကြွေးခေတ်ဆန်းတေး | | - မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ |
| ၁၁း၂၀ | ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၄၀) | | - ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| ၁၁း၅၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ခွဲခွာခြင်းလက်ဆောင် | | -အမျိုးသားရေးတေးကဗျာ |
| ၁၂း၄၀ | ကျန်းမာသုတ | | -နိုင်ငံတကာသတင်း |
| ၁း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၉) | | -မိုးလေဝသသတင်း |
| | | | -ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| | | | -(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၅း၀၀ | မီးသတိပေးနှိုးဆော်ချက် | | -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| ၆း၂၀ | အမျိုးသားရေးတေးကဗျာ | | |
| ၆း၃၀ | ဘဝကြေးမုံ (ကျွန်တော်နှင့်သူမ) -ကောင်းပြည့်၊ နန်းမြတ်ဖြိုးသင်း နှင့်သရုပ်ဆောင်များ ဒါရိုက်တာဆဲဗင်း(အိုင်စီ) | | **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၅)** |
| ၆း၅၀ | ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ | | **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရုဏ်ဦးရဲ့လင်းသံစဉ်"** |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** | | **(အပိုင်း-၁၁)** |

## မန္တလေးကုန်စည်ဈေးနှုန်း

**၁၇-၃-၂၀၁၂**

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၃၃၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၃၁၅၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၅၇၅၀၀ |

**ဆန်ဈေး**

**(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၀၀၀၀ |
| ရွှေဘိုမနော် | ၁၈၅၀၀/၂၀၀၀၀ |
| မဂျမ်းတော | ၂၀၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဇီယာ(ဟောင်း) | ၂၁၅၀၀ |
| ဇီယာ(သစ်) | ၁၅၅၀၀/၁၆၅၀၀ |
| ငစိန်(သစ်) | ၁၄၅၀၀/၁၅၀၀၀ |
| ဧရာမင်း(သစ်) | ၁၈၅၀၀/၁၉၀၀၀ |
| သုခ-မတ္တရာ(သစ်) | ၁၅၅၀၀/၁၆၅၀၀ |
| ရွှေသွယ်(သစ်) | ၁၄၀၀၀/၁၄၅၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၂၀၀/၄၀၀၀ |
| နှမ်းဆီ | ၂၅၀၀/၂၅၅၀ |
| ပန်းနှမ်းဆီ | ၂၅၅၀/၂၆၀၀ |
| နေကြာဆီ | ၂၄၀၀/၂၅၀၀ |
| မုန်ညင်းဆီ | ၂၄၀၀/၂၄၀၀ |
| ပဲပုပ်ဆီ | ၁၉၀၀/၁၉၅၀ |
| ဝါစေ့ဆီ | ၁၇၀၀/၁၇၅၀ |
| စားအုန်းဆီ | ၂၀၀၀/၂၀၀၀ |
| ကြက်ဆူဆီ | ၃၀၀၀ |

**သကြားဒိုင်ဈေးနှုန်း**

| | |
|---|---|
| ခါသကြား | ၅၂၀/၅၄၀ |
| ပွတ်သား | ၄၃၀/၄၅၀ |
| ခါရေ | ၂၂၀/၂၃၀ |
| ပေါင်းရေ | ၂၀၀ |

(၀၀၂)

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ CPE ဟောပြောပွဲတစ်ရပ်ကို ဦးသန်းလွင် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ(၂) ကမ္ဘောဇဘဏ်လီမိတက်က "The crucial role of the Banking Sector and its contribution in Nation Building efforts (An assessment of opportunities and challenges for Myanmar)" ခေါင်းစဉ်ဖြင့် မတ် ၂၇ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။

ဟောပြောပွဲတက်ရောက်ရန်အတွက် မတ် ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့ စာရင်းကိုင်များအသင်းရုံးခန်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း (ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်းဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ကျေးလက်စာကြည့်တိုက်များသို့ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ကျေးလက်စာကြည့်တိုက်များသို့ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကွမ်းခြံကုန်းနှင့် တံတားမြို့နယ်ခွဲများရှိ ကျေးလက်စာကြည့်တိုက် ၃၀ အတွက် လှူဒါန်းငွေကျပ် သိန်း ၁၄၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)က စာအုပ်စာစောင် ၇၅၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းပြီး စာပေ၏အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကွမ်းခြံကုန်းနှင့် တံတားမြို့နယ်ခွဲများရှိ ကျေးလက်စာကြည့်တိုက်များ အတွက် လှူဒါန်းငွေကျပ် သိန်း ၁၄၀ ကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

**၁၇ - ၃ -၂၀၁၂**

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၂၀၀ | ၀. ၀၃၂၅၅ |
| တရုတ် (ယွမ်) | ၆. ၃၂၂၉၀ | ၀. ၁၅၈၁၆ |
| အိန္ဒိယ (ရူပီး) | ၅၀. ၁၉၁၂ | ၀. ၀၁၉၉၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၅၆၈၀ | ၀. ၃၂၇၁၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၇၈၀ | ၀. ၇၉၅၀၄ |
| ဂျပန် (ယန်း) | ၈၃. ၄၃၀၀ | ၀. ၀၁၁၉၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၅. ၈၅ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၅၉၀၀ | ၁. ၃၁၇၅၂ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၁၁၁ | ၁. ၅၈၄၅၀ |

**အင်တာနက်။**

## မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံ့ဘေးအဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

**မီးသတ်ဦးစီးဌာန**

## ကြည့်ရှုစစ်ဆေး

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဇမ္ဗူသီရိအဆင့်မြင့် အားကစားရုံများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

❐ **ရှေ့ဖုံးမှ**

ပုံစံများစံချိန်စံညွှန်းကိုက်ညီမှု ရှိ၊ မရှိနှင့် ငွေကြေးသုံးစွဲမှု မှန်ကန်မှုရှိစေရေးအတွက် တည်ဆောက်ရေးအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် စာရင်းစစ်ချုပ်ရုံးမှအဖွဲ့နှင့် ပြင်ပပညာရှင်များအဖွဲ့ အဖွဲ့သုံးဖွဲ့ ပေါင်းစပ်၍ စစ်ဆေးစိစစ်ဆောင်ရွက်သွားရန်နှင့် တွေ့ရှိချက်များကို တင်ပြရေး၊ အဆိုပါအဖွဲ့၏ တွေ့ရှိချက်များကို တည်ဆောက်ရေးအဖွဲ့များက စနစ်တကျ လိုက်နာ ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အားကစားရွာတွင် အားကစားသမားများ တည်းခိုနေထိုင်ရေးအတွက် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

အားကစားရွာရှိ အဆိုပါ အဆောက်အအုံများ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲဝင် အားကစားသမားများ တည်းခိုနေထိုင်ပြီးပါက ဝန်ထမ်းအိမ်ရာများအဖြစ် ဆက်လက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိအဆင့်မြင့် အားကစားကွင်း တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မက်စ်မြန်မာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်က အဆင့်မြင့် အားကစားကွင်း တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်စပ်ပြိုင်ပွဲများ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ဆက်လက် ဆောင်ရွက်နေမှုများနှင့် ပွဲကြည့်ပရိသတ် ၃၀၀၀၀ ဆံ့ အားကစားကွင်း တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ဇမ္ဗူသီရိ အဆင့်မြင့် အားကစားကွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိအဆင့်မြင့်အားကစားရုံ (Indoor Venue) များ တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိ နိုင်ငံတကာ အဆင့်မီ ရေကူးကန်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

**နေပြည်တော်ရှိ အားကစားရွာ တည်ဆောက်ရေး စီမံကိန်း၌ အားကစားသမားများ တည်းခိုနေထိုင်ရေးအတွက် အဆောက်အအုံများ တည်ဆောက်နေမှုကို တွေ့ရစဉ်။**

(သတင်းစဉ်)

**နေပြည်တော်ရှိ ဇမ္ဗူသီရိ အဆင့်မြင့် အားကစားကွင်း တည်ဆောက်နေမှုကို တွေ့ရစဉ်။**

(သတင်းစဉ်)

## ဝက်သက်ကာကွယ်ဆေးထိုးခြင်း တစ်နိုင်ငံလုံး၌ ဆောင်ရွက်မည်

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အစုအဖွဲ့လိုက်ဝက်သက်ကာကွယ်ဆေးထိုးသည့် လုပ်ငန်းများကို ယခုမတ်လအတွင်း ဆောင်ရွက်သွားမည်ဖြစ်ရာ ကျန်းမာရေးနှင့် နှီးနွှယ်သောဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများအားလုံးက သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးသည့် အစီအစဉ်လုပ်ငန်းများကို မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ရာ အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးများအနေဖြင့် ယခင်က ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်တွင် ဝက်သက်ကာကွယ်ဆေးထိုးခဲ့ဖူးသော်လည်း ယခုတစ်ကြိမ်၌ အပိုဆောင်းထပ်မံထိုးနိုင်ကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် ကလေးငယ်များတွင် ဝက်သက်ရောဂါခုခံစွမ်းအား တိုးတက်လာပြီး ရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုအစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးသည့်လုပ်ငန်း အောင်မြင်ရန် ဗဟိုဦးစီးကော်မတီကိုဖွဲ့စည်းထားခြင်းဖြစ်ပြီး ယင်းကော်မတီမှ လုပ်ငန်းဆိုင်ရာ မူဝါဒများ ချမှတ်ပေးခြင်း၊ မဟာဗျူဟာများချမှတ်ပေးခြင်း၊ ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း စသည့်လုပ်ငန်းများ အကောင်အထည်ဖော်ကာ အရည်အသွေးကောင်းမွန်သော အပိုဆောင်းကာကွယ်ဆေးထိုးလုပ်ငန်းဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းအစီအစဉ်ကို ပိုစတာများနှင့် ရုပ်သံလိုင်းများမှတစ်ဆင့် အများသိရှိစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ထက်ခိုင်(စမ်းချောင်း)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၈-၃-၂၀၁၂ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၁၅ ၂။ အကပြိုင်ပွဲ

၈း၂၀ ၃။ "ရင်နှစ်ပန်းတို့လန်းစေချင်"

**နေ့လယ်ပိုင်း**

၁၁း၃၀ ၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၅၉)

၁၂း၃၀ ၂။ "ဖန်တီးမှုရဲ့လျှို့ဝှက်ချက်"

၁၂း၅၀ ၃။ မြန်မာရုပ်ရှင် "နှောင်းတမြေ့မြေ့" (ဇော်လွင်၊ သုမောင်၊ချိုပြုံး) (ဒါရိုက်တာ-မောင်ဝဏ္ဏ)

**ညပိုင်း**

၄း၃၅ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွားအထူးပြုများ) (စီးပွားရေးပညာ)

၅း၁၀ ၂။ "(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ" (ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာပြခန်း)

၅း၂၀ ၃။ ဆိုကြမယ်၊ ပျော်ကြမယ်

၆း၂၀ ၄။ ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၃၃)

၆း၄၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၂၂)

၇း၄၅ ၆။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)

၈း၀၀ ၇။ ပြည်တွင်းသတင်း

၈။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်

၉။ ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၁၀၁)

၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (အပိုင်း-၂၄)

၁၁။ "ရင်ခုန်လက်ကမ်းတေးသစ်လမ်း"

## ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ ဒီဇယ်အင်ဂျင်နှင့် မီးသတ်ဝတ်စုံ ၁၀၀ လှူဒါန်း

**နေပြည်တော် မတ် ၁၇**

ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ ဒီဇယ်အင်ဂျင်နှင့် အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ဝတ်စုံ ၁၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၈ ရက် ညနေ ၄ နာရီတွင် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းရှိ တိုယိုတာမီးသတ်ယာဉ်အတွက် ပျော်ဘွယ်မြို့နယ် မော်တော်ယာဉ်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကိုယ်စား နာယက ဦးမောင်ကြီးက ငွေကျပ် ၄၃၀၅၇၁၀ တန်ဖိုးရှိ ဒီဇယ်အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများ၊ ရှမ်းပွဲရပ်နေ ဦးညွန့်ဝင်း-ဒေါ်ယဉ်ယဉ်စိန် (ရွှေဇင်ယော် ရောင်းဝယ်ရေး) မိသားစုက အရန်မီးသတ်တပ်ဖွဲ့အတွက် ငွေကျပ် ၁၁၂၀၀၀၀ တန်ဖိုးရှိ မီးသတ်ဝတ်စုံ ၁၀၀၊ ရွှေပြည်ရန်လုံရပ်နေ ယာဉ်ပိုင်ရှင် ဦးမောင်ကြီးက မီးသတ်ယာဉ်အား ဒီဇယ်အင်ဂျင် တပ်ဆင်ရန်အတွက် ငွေကျပ် သုံးသိန်းနှင့် ရွှေပြည်ရန်နိုင်ရပ်နေ ဦးမြတ်သိန်းထွန်း(မိုးဟိန်းဒိုင်နမို)က မီးသတ်ယာဉ်ဝါယာရိမ်းစနစ် ပြုပြင်ရန်အတွက် ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဥတုရာသီ တောကိုမီး၏

# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၇

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ဗဟိုအလုပ်အမှုဆောင် ဦးခွန်မင်းကျော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**အထူးလေးစားအပ်ပါသော ရေဒီယိုနှင့် ရုပ်မြင်သံကြားကြည့်ရှုသော သောတရှင် လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ဗဟိုအလုပ်အမှုဆောင် ဦးခွန်မင်းကျော်ဖြစ်ပါတယ်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ပအိုဝ်းတိုင်းရင်းသားတွေဟာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးတစ်ရာကျော်အနက် လူမျိုးတစ်မျိုးဖြစ်ပါတယ်။ ပအိုဝ်းလူမျိုးဟာ တိဗက်မြန်မာအနွယ် ကရင်မျိုးနွယ်စုမှာပါဝင်ကြောင်း သမိုင်းကဆိုပါတယ်။ ယခုမျက်မှောက်ကာလ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတွေမှာ လူဦးရေ ၁၀ သိန်းကျော်အထိ ပျံ့နှံ့နေထိုင်လျက်ရှိပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုတစ်လျှောက်မှာ နိုးကြားတက်ကြွစွာ ပါဝင်ယှဉ်နွှဲခဲ့သလို ကမ္ဘာကျော် ပင်လုံစာချုပ်မှာလည်း ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးဖြူက ပါဝင်တက်ရောက်လက်မှတ်ရေးထိုးခဲ့ပါတယ်။

၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံဟာ နယ်ချဲ့ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပါတယ်။ လွတ်လပ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံဟာ ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ အတိအလင်း ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ ဒီမိုကရေစီစကားလုံးဟာ ရှေးခေတ်ဂရိစကားလုံးဖြစ်ပါတယ်။Demos (ပြည်သူ)နှင့် Kratos (အင်အား)မှ ဆင်းသက်လာခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဟာ ခေတ်သစ်ကမ္ဘာမှာ တန်ဖိုးထားခြင်းအခံရဆုံး နိုင်ငံရေးခံယူချက်ဖြစ်ပါတယ်။ အရွယ်ရောက်ပြီးသူနိုင်ငံသားဟာ နိုင်ငံအုပ်ချုပ်မည့်သူတွေကို ဆန္ဒမဲပေးပြီး ရွေးချယ်တင်မြှောက်ကြခြင်းဟာ ဒီမိုကရေစီအခြေခံဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရ သတ်မှတ်အရည်အချင်းပြည့်မီသော နိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင် အရွေးချယ်ခံပိုင်ခွင့် ရှိကြပါတယ်။

ဒီမိုကရေစီရဲ့သော့ချက်သကော်တဟာ တရားမျှတတဲ့ရွေးကောက်ပွဲစနစ် ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ဒီမိုကရေစီရဲ့အရသာကို ပိုပြီးခံစားလာကြသည်နှင့်အမျှ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ လူမျိုးများရဲ့ လွတ်လပ်မှုလည်းပို၍ ကြီးမားလာမှာ ဖြစ်ပါတယ်။ ပါလီမန်ဒီမိုကရေစီကျင့်သုံးတဲ့ ၁၉၅၂ ခုနှစ် ပထမအကြိမ် ပါလီမန်ဒီမိုကရေစီ ရွေးကောက်ပွဲ၊ ၁၉၅၆ ခုနှစ် ဒုတိယအကြိမ် ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် တတိယအကြိမ် ၁၉၆၀ ပြည့် ပါလီမန်ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ သုံးကြိမ်မှာ ယခင်ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပအမဖ)ပါတီက ပါလီမန်အမတ် (၇)ဦးအထိ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါတယ်။

၂၀၁၀ ပြည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီအနေနှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် ဒီမိုကရေစီစနစ်တိုးတက်ထွန်းကားလာစေရေးဆိုတဲ့ ဦးတည်ချက်နှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်အတွက် (၁)နေရာ၊ ပြည်သူ့လွှတ်တော်အတွက် (၃)နေရာနှင့် ပြည်နယ်လွှတ်တော် (၆) နေရာ စုစုပေါင်း (၁၀) နေရာ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပါတယ်။ ယခု ၂၀၁၂ ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒီမိုကရေစီရေးနှင့် ထာဝရငြိမ်းချမ်းရေးဆိုတဲ့ ဦးတည်ချက်နှင့် ရှမ်းပြည်နယ် ကလောမြို့နယ် ပြည်သူ့လွှတ်တော်အဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ကြောင်း မဲဆန္ဒရှင်များကို အသိပေးလိုပါတယ်။

၁၉၈၉ ခုနှစ် မတ်လမှ ၁၉၉၇ ခုနှစ် ဧပြီလ ၆ ရက်နေ့အထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်)အစိုးရလက်ထက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၈ ဖွဲ့ အင်အား ၆၇၃၈၂ ဦး လက်နက် ၅၃၈၃၈ နှင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပါတယ်။ ပြည်တွင်းစစ်များဖြစ်ရခြင်းရဲ့ အကြောင်းတရားဟာ နိုင်ငံရေးအကြောင်းတရားသာ အဓိကဖြစ်ပါတယ်။ စစ်မှန်သော၊ တရားမျှတသော ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်မြောက်အောင်မြင်စေရေးအတွက် အဓိက နိုင်ငံရေးပြဿနာကို အကျေအလည်ဆွေးနွေးကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများ ရပ်ဆိုင်းကြမှသာ ပြည်သူအားလုံး ငြိမ်းချမ်းမှုရရှိကြမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးနိုင်စွမ်းရှိတယ်။ ပညာရေးအဆင့်အတန်း မြှင့်တင်ပေးနိုင်မယ်။ ပြည်သူတို့ကို အမျိုးမျိုးသောအခွင့်အရေးကို ပေးနိုင်တယ်။ ငြိမ်းချမ်းရေးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရဲ့ အရင်းခံအကြောင်းရင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကလောမြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ ဗမာ၊ ရှမ်း၊ ဓနု၊ ပအိုဝ်း၊ အင်းသား၊ တောင်ရိုးနှင့် ပလောင်တိုင်းရင်းသားလူမျိုးဟာ မိမိတို့၏ ချစ်မြတ်နိုးတဲ့ စာပေယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို လွတ်လပ်စွာ ကျင့်သုံးနေလျက်ရှိနေကြပြီး ရှေးပဝေသဏီ နှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာနေထိုင်လာခဲ့ကြပါတယ်။ ကလောမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကိုလည်း ယနေ့အထိ တိုင်းရင်းသားများအားလုံး စုပေါင်းညီညာစွာ လုပ်ကိုင်လာခဲ့ကြလို့ ကလောမြို့နယ်ကြီး ဖွံ့ဖြိုးစည်ပင်လျက်ရှိနေပါတယ်။ ဒါကြောင့် ဒီမိုကရေစီနှင့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်မည့် ကျွန်တော်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးခွန်သန်းမောင်ကို အသည်းကြားမှ မဲပြားကိုယ်စီပေးကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျား။

ကလောမြို့နယ်မဲဆန္ဒရှင်ပြည်သူအားလုံး စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာပြီး လိုရာဆန္ဒပြည့်ဝနိုင်ကြပါစေ။

## နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

## အိုဘားမားကို လုပ်ကြံရန် ဘင်လာဒင်ကြံစည်ခဲ့ဟုဆို

**ဝါရှင်တန် မတ် ၁၇**

အယ်လ်ခိုင်ဒါအဖွဲ့ ခေါင်းဆောင် အိုစမာဘင်လာဒင်သည် အမေရိကန်သမ္မတ ဘာရက်အိုဘားမားကို လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ခဲ့သည်ဟု အမေရိကန်မီဒီယာများက ဖော်ပြခဲ့ကြောင်း ဘီဘီစီက သောကြာနေ့တွင် ရေးသားသည်။

လွန်ခဲ့သည့်နှစ်အတွင်း အမေရိကန်အထူးတပ်ဖွဲ့များလုပ်ကြံသဖြင့် အယ်လ်ခိုင်ဒါခေါင်းဆောင် သေဆုံးခဲ့ရသော အဘော့တဘတ်မြို့ ခြံဝင်းအတွင်းမှ ရရှိခဲ့သော စာရွက်စာတမ်းများတွင် လုပ်ကြံမည့် အစီအစဉ်များကိုတွေ့ရသည်ဟုဆိုသည်။

သမ္မတ အိုဘားမားနှင့် ဗိုလ်ချုပ်ကြီး ဒေးဗစ်ပီထရေ့တို့ စီးနင်းသည့်လေယာဉ်ကို တိုက်ခိုက်ရန်အတွက် အစီအစဉ်များ ရေးဆွဲရေးကို ဘင်လာဒင်က ၎င်း၏ ဒုတိယခေါင်းဆောင်များအား ခိုင်းစေခဲ့သည်။

ယင်းကဲ့သို့လုပ်ကြံလိုက်ခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုသည် အကျပ်အတည်းတစ်ခုအတွင်းသို့ ကျရောက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယသမ္မတ ဘိုင်ဒင်းကလည်း အာဏာလွှဲပြောင်းရယူရန် လုံးဝကြိုတင်ပြင်ဆင်ထားမည် မဟုတ်ကြောင်း ၎င်းကပြောသည်။

အဆိုပါ စာရွက်စာတမ်းများကို ဝါရှင်တန်ပို့(စ်) သတင်းစာကြီးက တွေ့မြင်ခဲ့ရသည်။ ၂၀၁၁ ခုနှစ် မေလအတွင်း ဘင်လာဒင်၏ အိမ်ကို စီးနင်းစဉ်က သိမ်းဆည်းရယူခဲ့သည့် စာရွက်စာတမ်းများအား အများပြည်သူကြည့်ရှုရန် ထုတ်ပြန်မည့်အစိုးရအစီအစဉ်ကို မျှော်လင့်စောင့်စားမှုမှာ အမေရိကန်နိုင်ငံ၌ ကြီးမားလာလျက်ရှိသည်။

ထိုစဉ်က လက်ပ်တော့များ၊ ကွန်ပျူတာဟတ်ဒရိုက်များကိုလည်း သိမ်းယူခဲ့ကြသည်။ အင်တာနက်။

**ဗီယက်နမ်နိုင်ငံ ပင်လယ်ဆိပ်ကမ်းတစ်နေရာ၌ ရေယာဉ်တစ်စင်းပေါ်သို့ ဆန်အိတ်များ တင်ဆောင်နေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနေရာ ထိုင်းထံမှ ဗီယက်နမ်ရယူဖွယ်ရှိ

**ဟန္ဓိုင်း မတ် ၁၇**

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သည့် နိုင်ငံအဆင့်အတန်းကို ယခုနှစ်တွင် ထိုင်းနိုင်ငံထံမှ လွှဲပြောင်းရယူမည်ဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်က ပြည်ပသို့ဆန်တန်ချိန် ၇ ဒသမ ၂ သန်းအထိ စံချိန်တင်ပို့နိုင်ခဲ့မှုကို ဆက်လက်ထိန်းထားနိုင်ရန် ရည်မှန်းကြောင်း ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးဝန်ကြီး ကောင်ဒပ်ပန်က မတ် ၁၇ ရက်တွင် ပြောကြားသည်။

**လျော့နည်းမည်**

ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်တင်ပို့မှု အများဆုံးနိုင်ငံ အဆင့်အတန်းကို ဆယ်စုနှစ်သုံးစုကြာမျှ ထိန်းချုပ်ထားနိုင်ခဲ့သည်။ ဆန်စားနှုန်းမြင့်တက်လာမှုကြောင့် အစိုးရအဖွဲ့က ဆင်းရဲနွမ်းပါးသော လယ်သမားများအား အကူအညီပေးနိုင်ရန် ထိုင်းနိုင်ငံတွင် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ဆန်တင်ပို့မှု လျော့နည်းသွားမည်ဟု မျှော်လင့်ရသည်။

လွန်ခဲ့သည့်နှစ်က ဆန်တင်ပို့မှုကို စံချိန်တင်နိုင်ခဲ့ပြီး ယခုနှစ်အတွင်းလည်း အလားတူ ဆန်တင်ပို့နိုင်မည်ဟု ရည်မှန်းထားကြောင်းဗီယက်နမ် လယ်ယာစိုက်ပျိုးရေးဝန်ကြီးက ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)နှင့် ပူးတွဲ ကျင်းပသော ဒေသဆိုင်ရာညီလာခံတွင် ပြောကြားသည်။

ရိုက်တာ။

## အစ္စရေးသံတမန်ကားကို တိုက်ခိုက်သူ အီရန်သုံးဦးအား ဖမ်းဝရမ်းထုတ်

နယူးဒေလီ မတ် ၁၇

**အိန္ဒိယနိုင်ငံတွင် ဖေဖော်ဝါရီလက အစ္စရေးသံတမန်တစ်ဦး၏ကားကို ဗုံးခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်တွင် အီရန်နိုင်ငံသားသုံးဦးအား ဖမ်းဆီးရန် ဝရမ်းထုတ်လိုက်ပြီဖြစ်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်ဟု ဘီဘီစီသတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။**

အဆိုပါ အီရန်သုံးဦးကို ဖမ်းဆီးထိန်းသိမ်းထားသည့် ဆာအစ်မိုဟာမက် အာမက်ကာဇမီ အမည်ရှိ အသက် ၅၀ နှစ် အိန္ဒိယနိုင်ငံသားတစ်ဦးက အကူအညီပေးခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် အီရန်နိုင်ငံ၏ လက်ချက်ဖြစ်သည်ဟု အစ္စရေးကစွပ်စွဲသည်။

အစ္စရေးသံတမန်၏ကားကို မော်တော်ဆိုင်ကယ်စီးလာသူတစ်ဦးက ဗုံးဖြင့် ပစ်ပေါက်သွားခြင်းဖြစ်ကြောင်း၊ သံတမန်အပါအဝင် လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဖမ်းဝရမ်းထုတ်ထားသည့် အီရန်နိုင်ငံသားသုံးဦးမှာ ဟူရှန်အက်ဖ်ရှာအိုင်ရာနီ၊ ဆာအစ်အလီမက်ဒီယန်ဆဒါနှင့် မိုဟာမက်ရီဇာအဗိုလ်ဂါဆီမီတို့ဖြစ်ကြောင်း ဒေလီရဲတပ်ဖွဲ့က ပြောကြားသည်။

အစ္စရေးသံတမန်ကို အကြမ်းဖက်တိုက်ခိုက်ရာတွင် အဆိုပါအီရန်သုံးဦး ပါဝင်သည်ဟု ယုံကြည်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြသည်။

အင်တာနက်။

**အိန္ဒိယနိုင်ငံ၌ ဖေဖော်ဝါရီလက အစ္စရေးသံတမန်တစ်ဦးအား ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ယင်းအခင်းဖြစ်ပွားသည့် နေရာတွင် တာဝန်ရှိသူများ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသည်ကို တွေ့ရစဉ်။**

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

# စွမ်းအင်ပိုလျှံသော ပြည်နယ်အဖြစ် ရပ်တည်ရန် တမီလ်နာဒူးပြည်နယ်၌ နေစွမ်းအင်သုံးစွဲမည်

**ကိုလံဘို မတ် ၁၇**

သီရိလင်္ကာနိုင်ငံရှိ တမီလ်နာဒူးပြည်နယ်သည် မကြာမီကာလမှစ၍ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ မူဝါဒသစ်ကိုချမှတ်ကျင့်သုံးမည်ဖြစ်ကြောင်း၊ ယင်းမူဝါဒသစ်၏ ရည်မှန်းချက်မှာ တမီလ်နာဒူးပြည်နယ်အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုခြင်းဖြင့် သုံးနှစ်တာကာလအတွင်း စွမ်းအင်ပိုလျှံသောပြည်နယ်အဖြစ် ရပ်တည်လာနိုင်ရန်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးက မတ် ၁၆ရက်တွင် ပြောကြားသည်။

နေရောင်ခြည်စွမ်းအင်ဆိုင်ရာ မူဝါဒသစ်ကို မကြာမီထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း တမီလ်နာဒူးပြည်နယ်စွမ်းအင်ဖွံ့ဖြိုးရေးအေဂျင်စီက ကြီးမှူးကျင်းပသော ဆွေးနွေးပွဲတစ်ရပ်တွင် စွမ်းအင်ဝန်ကြီး နာသမ်က ပြောကြားသည်။

တမီလ်နာဒူးပြည်နယ်၌ နေစွမ်းအင်သုံး နေအိမ်အလုံးပေါင်း သုံးသိန်းကို တည်ဆောက်မည်ဖြစ်ကြောင်း၊ ၂၀၁၅ခုနှစ်ထက်နောက်မကျဘဲ နေစွမ်းအင်လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ထုတ်လုပ်ရန် ရည်မှန်းကြောင်း ၎င်းက ပြောကြားသည်။

တမီလ်နာဒူးပြည်နယ်သည် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်မားသောဒေသဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှုနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်တို့ မမျှမတဖြစ်နေကြောင်း ၎င်းကပြောကြားသည်။

နေစွမ်းအင်ထုတ်လုပ်မှု ဖြည့်တင်းနိုင်ရေးအတွက် ရန်ပုံငွေများရရှိရန် အစိုးရအဖွဲ့ထံ တင်ပြထားကြောင်း ဝန်ကြီးက ပြောကြားသည်။ **အင်တာနက်။**

**သီရိလင်္ကာနိုင်ငံ၌ နေစွမ်းအင်ဖြင့် နေအိမ်များကို လျှပ်စစ်ဓာတ်အားထောက်ပံ့ပေးမည်ဖြစ်သည်။** (ဓာတ်ပုံ-အင်တာနက်)

**တောင်ကိုရီးယားနိုင်ငံ ဘူဆန်ပင်လယ်ဆိပ်ကမ်း၌ ပို့ကုန်များတင်ပို့နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်စတင်

ဆိုးလ် မတ် ၁၇

**အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်သည် မတ် ၁၅ရက်မှစ၍ အာဏာသက်ဝင်လာပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။**

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်နှင့် ပတ်သက်၍ အငြင်းပွားမှုများစွာပေါ်ပေါက်ခဲ့သဖြင့် အာဏာသက်ဝင်ရန် များစွာနှောင့်နှေးကြန့်ကြာခဲ့ရသည်။

တောင်ကိုရီးယားနိုင်ငံရှိ အတိုက်အခံ နိုင်ငံရေးအင်အားစုက ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲ၌ အောင်ပွဲခံပါက အဆိုပါသဘောတူညီချက်ကို ပြန်လည်ပြင်ဆင်နိုင်ရန် ကြိုးပမ်းသွားမည်ဟုဆိုသည်။

**မြင့်တင်**

ကမ္ဘာပေါ်တွင် စီးပွားရေးအင်အားအကြီးဆုံး အမေရိကန်နိုင်ငံနှင့် အာရှတိုက်တွင် စတုတ္ထမြောက် စီးပွားရေးအင်အားအကြီးဆုံး တောင်ကိုရီးယားနိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် ရရှိခြင်းဖြင့် ကုန်သွယ်ရေးလုပ်ငန်းကို သိသိသာသာမြှင့်တင်ပေးနိုင်မည်သာမက အလုပ်အကိုင်နေရာများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်သည် သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူပေးနိုင်ကြောင်း အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရွန်ကတ်က ကြေညာချက်ထုတ်ပြန်သည်။

ယင်းသဘောတူညီချက်သည် နှစ်ပေါင်း ၂၀အတွင်း ထူးခြားအရေးပါဆုံး ကုန်သွယ်ရေးသဘောတူညီချက် တစ်ရပ်ဖြစ်သည်ဟု ဆိုသည်။ **ရိုက်တာ။**

# နော်ဝေစစ်ဘက်ဆိုင်ရာလေယာဉ်၏ အပျက်အစီးအပိုင်းအစများ ရှာဖွေတွေ့ရှိ

**အော့စလို မတ် ၁၇**

နော်ဝေနိုင်ငံမှ စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းသည် ပျောက်ဆုံးနေခဲ့ပြီးနောက် ယင်းလေယာဉ်၏ အပျက်အစီးအပိုင်းအစများကို ဆွီဒင်ကယ်ဆယ်ရေးအဖွဲ့ဝင်များက မတ် ၁၇ ရက်တွင် ရှာဖွေတွေ့ရှိရကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆွီဒင်နိုင်ငံမြောက်ပိုင်း၌ လေ့ကျင့်ပျံသန်းနေသော နော်ဝေစစ်လေယာဉ်ပေါ်တွင် လူငါးဦးလိုက်ပါလာခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါစစ်လေယာဉ်မှာ စီ-၁၃၀ ကုန်တင်လေယာဉ်အမျိုးအစားဖြစ်ပြီး လေယာဉ်၏ အပျက်အစီးအပိုင်းအစများကို ကီဘနီကိုက်တောင်ပေါ်ရှိ ရေခဲမြစ်တစ်စင်းအတွင်း ပျံ့နှံ့စွာဖြင့် တွေ့ရှိခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မာသီဟန်အန်ကပြောကြားသည်။

အဆိုပါ စစ်လေယာဉ်သည် မတ် ၁၅ ရက်မှစ၍ ပျောက်ဆုံးနေခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အင်တာနက်။**

# နယူးဇီလန်ကမ်းလွန်ပင်လယ်ပြင်၌ ငါးဖမ်းရေယာဉ်နစ်မြုပ်၊ လေးဦးသေဆုံး

**ဝယ်လင်တန် မတ် ၁၇**

နယူးဇီလန်နိုင်ငံ တောင်ကျွန်း၏ ကမ်းလွန်ပင်လယ်ပြင်၌ ငါးဖမ်းရေယာဉ်တစ်စင်းသည် လှိုင်းကြီးလေထန်မှုကြောင့် နစ်မြုပ်ခဲ့ရာ လေးဦးသေဆုံးပြီး အခြားလေးဦး ပျောက်ဆုံးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က မတ် ၁၇ရက်တွင် ပြောကြားသည်။

နစ်မြုပ်ခဲ့သော ငါးဖမ်းရေယာဉ်မှ ရေလုပ်သားတစ်ဦးကို ကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း၊ အလောင်းလေးလောင်းကို ဆယ်ယူရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီးဇီးရိုက်ဒါဟုအမည်ပေးထားသော ငါးဖမ်းရေယာဉ်သည် မတ် ၁၆ရက်က ဖိုးဘရောက်ရေလက်ကြားဒေသ၌ နစ်မြုပ်ခဲ့သည်။

ပျောက်ဆုံးနေသူများတွင်အသက်ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦးလည်း ပါဝင်လျက်ရှိသည်။

အဆိုပါငါးဖမ်းသင်္ဘောသည် မတ် ၁၄ရက် မွန်းလွဲပိုင်းက ဘလူဖ်မြို့ ဆိပ်ကမ်းမှထွက်ခွာသွားခဲ့ပြီးနောက် လှိုင်းလေပြင်းထန်မှုကြောင့် နစ်မြုပ်ခဲ့ရသည်။

အလွန်ကြီးမားသော လှိုင်းလုံးကြီးတစ်လုံးကြောင့် ငါးဖမ်းသင်္ဘော နစ်မြုပ်ခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။ **အင်တာနက်။**

# ယီမင်နိုင်ငံ တောင်ပိုင်း၌ တိုက်ပွဲများဖြစ်

**ဆာနာ(ယီမင်) မတ် ၁၇**

ယီမင်နိုင်ငံ တောင်ပိုင်း အေဒင်ဆိပ်ကမ်းမြို့၌ အစိုးရလုံခြုံရေးတပ်ဖွဲ့များနှင့် အမည်မသိလက်နက်ကိုင်များအကြား တိုက်ခိုက်ကြရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိကြောင်း လုံခြုံရေးအရာရှိတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားသည်။

ပါတီစန်ရှာရီယာအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် အယ်လ်ခိုင်ဒါအဖွဲ့ဝင်တစ်ဦးကို အေဒင်မြို့ မူအဲလ်လာရပ်ကွက်အတွင်း၌ ဖမ်းဆီးရမိပြီးနောက် တစ်ရက်တွင် ယင်းရပ်ကွက်အတွင်း တိုက်ပွဲများ ဖြစ်ပွားခြင်းဖြစ်သည်ဟု အမည်မဖော်လိုသူတာဝန်ရှိသူတစ်ဦးက ပြောသည်။

လွန်ခဲ့သည့်မေလကအိမ်နီးချင်းအက်ယမ်ပြည်နယ်အတွင်းမှ မြို့အချို့ကို အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော စစ်သွေးကြွများက ဝင်ရောက်သိမ်းပိုက်ခဲ့သည့်အတွက် နိုင်ငံ၏ တောင်ပိုင်းအကြီးဆုံးမြို့ အေဒင်မြို့မှာ အေးချမ်းမှုမရှိခဲ့ပေ။

**အစွန်းရောက်အုပ်စုများသြဇာလွှမ်း**

ပြည်တွင်း၌ မငြိမ်မသက်ဖြစ်နေစဉ်တွင် ဥပဒေကင်းမဲ့လျက်ရှိသော တောင်ပိုင်းနှင့် အရှေ့ပိုင်း၌ အစွန်းရောက်အုပ်စုများက သြဇာအာဏာလွှမ်းမိုးလျက်ရှိသည်။

အေဒင်မြို့သည် နိုင်ငံတောင်ပိုင်းအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် လုံးဝလွတ်လပ်ရေးတောင်းဆိုနေသော စစ်သွေးကြွများ၏ အမာခံနယ်မြေလည်းဖြစ်သည်။ **အင်တာနက်။**

**ယီမင်တပ်ဖွဲ့ဝင်များ အေဒင်မြို့စစ်ဆေးရေးစခန်းတစ်ခု၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြစဉ်** (ဓာတ်ပုံ-အင်တာနက်)

# အီသီယိုးပီးယားက အီရီထရီးယား နယ်စပ်စခန်းများကို ဝင်တိုက်

**နိုင်ရိုဘီ(ကင်ညာ) မတ် ၁၇**

အိမ်နီးချင်း အီသီယိုးပီးယားနိုင်ငံသည် အမေရိကန်တို့၏ အကူအညီဖြင့် ၎င်း၏ နယ်စပ်စစ်စခန်းများကို ဝင်ရောက်တိုက်ခိုက်ကြောင်း အီရီထရီးယားအစိုးရက သောကြာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ကြသည့် အဖျက်သမားအုပ်စုများကို အီရီထရီးယားနိုင်ငံက လေ့ကျင့်ပေးသဖြင့် ၎င်း၏တပ်ဖွဲ့များက ယင်းကဲ့သို့ တိုက်ခိုက်ခြင်းဖြစ်ကြောင်း အီသီယိုးပီးယားနိုင်ငံက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။ **အင်တာနက်။**

# စီးကရက်သောက်မှု ဆန့်ကျင်ရေးကြိုးပမ်းမှု အမေရိကန်နိုင်ငံ၌ တိုးတက်အောင်မြင်

**ဝါရှင်တန် မတ် ၁၇**

စီးကရက်ကုန်ပစ္စည်းအပေါ် အခွန်များတိုးမြှင့်ကောက်ခံခြင်း၊ ကလေးငယ်များအား စီးကရက်ရောင်းချမှု ကန့်သတ်ပိတ်ပင်ခြင်းနှင့် စီးကရက်ဘေးအန္တရာယ်နှင့်ပတ်သက်၍ အများပြည်သူလူထုအား ပညာပေးသည့် လှုပ်ရှားမှုအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကြောင့် အမေရိကန်နိုင်ငံသား ၈၀၀၀၀၀ ခန့်၏ အသက်ကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း ဆီယက်တယ်လ်မြို့ရှိ ဖရက်ဟပ်ချင်ဆန်ကင်ဆာသုတေသနဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

၁၉၇၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိဖြစ်သော ကာလတွင် စီးကရက်သောက်မှု တိုက်ဖျက်ရေးကြိုးပမ်းမှုများကြောင့် အဆုတ်ကင်ဆာရောဂါဖြင့် သေဆုံးသူအမျိုးသားဦးရေကို ၅၅၀၀၀၀ အထိလည်းကောင်း၊ အမျိုးသမီးဦးရေကို ၂၄၀၀၀၀ အထိလည်းကောင်း လျှော့ချပေးနိုင်ခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြသည်။ **အင်တာနက်။**

# လောကတွင်ရှိနေသည့် အခက်အခဲပြဿနာဟူသမျှကို မေတ္တာဖြင့်သာ ဖြေရှင်းအောင်မြင်ရာ၏

**မြင့်မောင်(ရေစကြို)**

လောကသည် ခက်ခဲနက်နဲရှုပ်ထွေးလှ၏။ လောကတွင် အကောင်းနှင့်အဆိုးသည်လည်း အမြဲတမ်း ဒွန်တွဲနေ၏။ အပူရှိလျှင် အအေးရှိသကဲ့သို့ အဖြူရှိလျှင်လည်း အမည်းရှိနေပြန်သည်။ ထို့အတူ သုခချမ်းသာမှုနှင့် ဒုက္ခဆင်းရဲမှုကလည်း ပူးတွဲနေပြန်သည်။ ထိုကဲ့သို့ အတွဲလိုက် အတွဲလိုက်၊ အစုံလိုက် အစုံလိုက် ရှိနေခြင်းသည်ကိုက လောက၏နိယာမ သဘောသဘာဝဖြစ်သကဲ့သို့ ဖြစ်ပြီးမှန်သမျှ ပျက်စီးနေကြရသည်မှာလည်း အမြဲပြောင်းလဲမှုမရှိသော ပရမတ္ထသစ္စာတရားပင် ဖြစ်ပါသည်။

အရိယာသူတော်စင်တို့မှလွဲ၍ လောကတွင်ရှိနေကြသည့် သတ္တဝါအားလုံးတို့သည် ကိုယ့်ပြဿနာနှင့်ကိုယ် ရှိနေကြမည်မှာ အမှန်မလွဲပါပေ။

လောကအလယ်တွင် ကိုယ်တစ်ယောက်တည်းလည်း မနေတတ်။ အကယ်၍ ကိုယ်တစ်ယောက်တည်း နေလို့ရသဖြင့် နေကြည့်သည့်အခါမှာပင်လျှင် စိတ်ကို အခြေခံ၍ ကိုယ့်ရဲ့ရုပ်သည် ကောင်းတာတွေ လုပ်ဖြစ်နေသလို ဒီစိတ်ကိုပင် အခြေခံ၍ မကောင်းသောစေတနာစိတ်ဝင်လာသည့်အခါ မကောင်းသော အပြုအမူများကို ပြုလုပ်မိပြန်သည်။ ဤစိတ်နှင့် ဤရုပ်တွဲထားသည့်တစ်ယောက်တည်းသော သတ္တဝါသည်ပင်လျှင် ကောင်းတာတွေ လုပ်မိသည့်အခါ ကောင်းကျိုးခံစားရသကဲ့သို့ မကောင်းသော အကုသိုလ်ပြုလုပ်မိသည်ကို အကြောင်းပြု၍ မကောင်းသောအကျိုးများ ခံစားရသည်လည်းရှိ၏။ တစ်ဦးတည်းနေသည်ပင်လျှင် ပြဿနာဤမျှရှိမည်ဆိုပါက တခြားသူများနှင့် ပေါင်းသင်းနေထိုင်ရလျှင် ပြဿနာမျိုးစုံ တွေ့ကြုံရမည်မှာ မလွဲပါ။

ပုထုဇဉ်လူသားဖြစ်သည့် လူဆိုသည့်သတ္တဝါကလည်း ဘယ်တော့မှ တစ်ဦးတစ်ယောက်တည်း နေလို့မရပါ။ အပေါင်းအသင်းတွေ၊ အစုအဖွဲ့တွေ ရှာဖွေစုဖွဲ့နေတတ်ကြပါသည်။ ဤကဲ့သို့ တစ်ယောက်တည်းမနေတတ်သဖြင့် နှစ်ယောက်စုဖွဲ့နေလိုက်သည့် အချိန်မှစပြီး ကိုယ့်ဆန္ဒ သူ့ဆန္ဒမတူညီရာက အစပြု၍ ပြဿနာဆိုတာ ပေါ်ပေါက်လာပါတော့သည်။ ပြဿနာပေါ်သည့်အခါတွင်လည်း အချို့က အကောင်းမြင်ဝါဒဖြင့် ကြည့်ရှုဖြေသိမ့်တတ်ကြသဖြင့် မိမိ သူတစ်ပါး နှစ်ဦးသားစိတ်ချမ်းသာမှု ရရှိနိုင်သော်လည်း အချို့ကလည်း အရာရာကို မကောင်းမြင်ဝါဒဖြင့် ကြည့်ရှုတတ်ကြသောကြောင့် ပြဿနာက ဘယ်တော့မှ အေးချမ်းသွားသည်မရှိတော့ပါ။ ထိုအခါ မိမိ သူတစ်ပါး နှစ်ဦးစလုံး အမြဲတမ်းပူလောင်နေကြရပါသည်။

တစ်နည်းအားဖြင့် အကောင်းမြင်ဝါဒ မေတ္တာသမားများက အေးချမ်းတည်ငြိမ်စွာ နေကြရသော်လည်း အကောင်းမမြင်တတ်သည့် လောဘ၊ ဒေါသ၊ မောဟ စိတ်များကို ဦးစားပေးသူများအတွက်တော့ အမြဲတမ်းအပူမီးများ ဝိုင်းလျက်သာရှိပါသည်။

အထူးသဖြင့် မေတ္တာစိတ်ကင်းမဲ့သော မကောင်းမြင်ဝါဒသမားများသည် အမြဲတမ်းဆန့်ကျင်မှုကိုသာ တွေးတောရှာဖွေနေကြသဖြင့် မည်သူတွေ ဘာပဲကောင်းတာလုပ်လုပ် အကောင်းမမြင်နိုင်တော့ဘဲ ဖီလာဆန့်ကျင်လုပ်နေရသည်ကိုပင် သုခဟုထင်၍ အရသာခံတတ်ကြသူများလည်း ရှိပါသည်။ အမှန်တကယ်မှာမူ ဓမ္မဖြင့်ကြည့်ပါက ထိုသူများမှာ သနားစရာကောင်းလှပါသည်။ သို့အတွက် ထိုသူများကိုလည်း ပစ်ပယ်မထားသင့်ပါ။ စိတ်ကောင်းစေတနာဖြင့် ပညာအလင်းပြကြင်နာမှုပေးနိုင်မှသာ နှစ်ဦးနှစ်ဝ ငြိမ်းချမ်းသာယာသည့် အရသာကို ခံစားကြရမည်ဖြစ်ပါသည်။

ထိုထိုသောအမှုကို ဥပမာပြရမည်ဆိုပါသော် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ခက်ခဲကြမ်းတမ်းလှသော အာဠဝကဘီလူးကြီးအား ကယ်ချွတ်တော်မူခဲ့သောအခန်းကို လေ့လာပါက မေတ္တာအစွမ်းကို ကောင်းကောင်းကြီး သိမြင်လာပါလိမ့်မည်။

အောင်ခြင်းရှစ်ပါးတွင် တစ်ပါးပါဝင်သော အာဠဝကဘီလူးမင်းအား မြတ်စွာဘုရား ချွတ်တော်မူခန်းသည် ဘီလူးကြီးကိုသာ တရားရအောင် ကယ်ချွတ်သည်မဟုတ်ပါ။ အခြားသော သတ္တဝါများကိုပါ ဒုက္ခမှကယ်တင်နိုင်ရန် ဟောကြားသော တရားတော်များ ဖြစ်နေပါသည်။

အာဠဝကဘီလူးကြီးသည် နှုတ်ကြမ်း၊ ကိုယ်ကြမ်း၊ မာန်မာန ခက်ထန်သကဲ့သို့ ဈာန်တန်ခိုးလည်း အသင့်အတင့်ရှိပါသည်။

ဘီလူးကြီးသည် သူ၏ ဈာန်တန်ခိုးဖြင့် ဈာန်ရ ရသေ့များကိုပင် ကောင်းကင်မှ မြေပြင်သို့ ဆွဲချကာ ဓမ္မတရားတော်များကို မေးလေ့ရှိပါသည်။

တရားမေး၍ သူလိုချင်သောအဖြေမရသောအခါ ရသေ့များကို နှိပ်စက်ပြီးမှ ပြန်လွှတ်လေ့ရှိပါသည်။

တစ်နေ့သောအခါ အာဠဝကဘီလူးကြီးသည် မြတ်စွာဘုရားရှင်နှင့် ပက်ပင်းတိုးပါတော့သည်။ မြတ်စွာဘုရားရှင်ကလည်း အာဠဝကဘီလူးကြီး ကျွတ်ချိန်တန်ပြီဟု သိမြင်တော်မူသဖြင့် ဘီလူးကြီးရှိရာ ဘုံဗိမာန်သို့ သွားရောက်သီတင်းသုံးနေထိုင်ခဲ့ပါသည်။ ဘီလူးကြီးသည် မြတ်စွာဘုရားရှင်အား သူ၏ ဘုံဗိမာန်ပေါ်တွင် တွေ့မြင်လိုက်ရသောအခါ အမျက်ဒေါသခြောင်းခြောင်းထွက်၍ နည်းမျိုးစုံဖြင့် အကြမ်းဖက်တိုက်ခိုက်လေတော့သည်။ ဘုရားရှင်၏ မေတ္တာတန်ခိုးတော်ကြောင့် ဘီလူးကြီး၏ အကြမ်းဖက်တိုက်ခိုက်မှုများ မအောင်မြင်သောအခါ အနုနည်းဖြင့် မေးခွန်းမေး နှိပ်စက်သည့်နည်းဗျူဟာကို ယခင်နည်းတူ ပြန်လည်ကျင့်သုံးကြည့်ပြန်ပါသည်။

ထို့ကြောင့် ဘီလူးကြီးသည် သူ၏ ဝါသနာထုံးစံအတိုင်း သူသိလိုသော မေးခွန်းများကို စတင်မေးပါတော့သည်။ ဘီလူးကြီးမေးသော ပထမမေးခွန်းမှာ "လောကတွင် ဘယ်အရာသည် တန်ဖိုးအရှိဆုံးနှင့် တန်ဖိုးအကြီးဆုံးဖြစ်ပါသနည်း"ဟု မေးမြန်းပါသည်။ သာမန်ပုဂ္ဂိုလ်တို့ စဉ်းစားမည်ဆိုပါက စိန်ရွှေရတနာပစ္စည်းဥစ္စာများကိုသာ တန်ဖိုးအကြီးဆုံးဟု မိမိတို့ကြိုက်နှစ်သက်သော ပစ္စည်းတစ်ခုခုဖြင့် ဖော်ပြပြောဆိုပါမည်။

သို့သော် မြတ်စွာဘုရား၏အဖြေကား သာမန်လူသားတွေ အဖြေနှင့်မတူ တစ်မူထူးခြားနေပါသည်။ မြတ်စွာဘုရားက ဖြေကြားသည်မှာ "တန်ဖိုးအရှိဆုံးသောအရာသည် သဒ္ဓါဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လောကလူတွေ တန်ဖိုးထား အထင်ကြီးနေသည့် စည်းစိမ်ဥစ္စာရတနာများသည် ရန်သူမျိုးငါးပါးနှင့်မကင်းပါ။ အချိန်မရွေး ဆုံးရှုံးနိုင်သည်။ ဤပစ္စည်းများကြောင့်ပင် လူတို့စိုးရိမ်ကြောင့်ကြရ၊ အလုအယက် အနှောင့်အယှက်ခံရသဖြင့် ဒုက္ခရောက်ကြရသည်။ သေလျှင်လည်း ပါမသွား၊ ထားရစ်ခဲ့ရသည်။ တစ်နည်းဆိုသော် တစ်ဘဝစာလေး ကျေနပ်သယောင်ရှိသော်လည်း ပစ္စည်းမှပေးသော ဒုက္ခက မိမိရရှိလိုက်သော တစ်ခဏတာ ပီတိထက် ဒုက္ခက အဆပေါင်းများစွာ သာလွန်နေပါသည်။

သဒ္ဓါဆိုသည့် ယုံကြည်ချက်မှာ ခိုင်မြဲသည်၊ ဘယ်သူမှ ခိုးယူလုယက်၍ မရနိုင်။ သဒ္ဓါဟူသည် ကောင်းတာပြုလုပ်လျှင် ကောင်းတာခံစားရမည်ဟူသော ယုံကြည်ချက်ကြောင့် ဒါနပြုလိုခြင်း၊ သီလဆောက်တည်လိုခြင်း၊ တရားနာလိုခြင်း စသည့် ကုသိုလ်စိတ်များ ဖြစ်ပေါ်လာရသည်။ အားကောင်းသည့် သဒ္ဓါတရားကြောင့် ဘဝအဆက်ဆက် ကောင်းတာတွေအများကြီး ခံစားကြရသည်။ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရနေကြရသည်။ ထို့ကြောင့် အမြတ်ဆုံးသောဥစ္စာသည် သဒ္ဓါပင်ဖြစ်ပါသည်"ဟု မြတ်စွာဘုရားရှင်က မိန့်ကြားဖြေဆိုသောအခါ အာဠဝကဘီလူးကြီးသည် မှန်ကန်သောအဖြေ၊ သူနှစ်သက်သောအဖြေကိုရရှိသဖြင့် ဘာမျှမပြုလုပ်ဘဲ မေးခွန်းကိုသာ ဆက်မေးပါသည်။

အာဠဝကဘီလူးကြီး၏ ဒုတိယမေးခွန်းမှာ တိုးတက်ကြီးပွားအောင် "ဘယ်သို့သော အကြောင်းအရာများကို ပြုသင့်ပါသနည်း"ဟု မေးမြန်းသောအခါ မြတ်စွာဘုရားက ဖြေကြားသည်မှာ "လောကတွင် တိုးတက်ကြီးပွားလိုလျှင် သူတစ်ပါး၏ ပစ္စည်းဥစ္စာများကို နိုင့်ထက်စီးနင်းကြံဆောင်မယူပါနှင့်၊ သူတစ်ပါးကြီးပွားမှုကိုလည်း မိမိမုဒိတာဖြစ်ပါ။ ဓမ္မဟူသော တရားသဖြင့် ကျင့်ကြံအားထုတ်ရှာဖွေသော အမှုကိုပြုပါ။ မကောင်းမှုမှန်သမျှ ရှောင်ကြဉ်ပြီး ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ရှာကြံပြုလုပ်ပါ။ ဤကဲ့သို့ တရားသဖြင့် ရရှိထားသော တန်ခိုးအာဏာစည်းစိမ်ဥစ္စာတို့မှာ ခိုင်မြဲပါသည်။ သံသရာတစ်လျှောက်လုံးအတွက် အထောက်အပံ့အဖြစ် ပါသွားပါလိမ့်မည်"ဟု မြတ်စွာဘုရားရှင်က မိန့်ကြားဖြေဆိုသောအခါ ဤသည်ကိုလည်း ဘီလူးကြီးကြိုက်နှစ်သက်လက်ခံပြီး မေးခွန်းကိုသာ ဆက်လက်မေးမြန်းပါသည်။

တတိယမေးခွန်းကတော့ "ဘယ်သို့သော အကြောင်းအရာသည် အရာရာကို အောင်မြင်နိုင်ပါသနည်း"ဟု မေးမြန်းသောအခါ မြတ်စွာဘုရား၏ အဖြေမှာ လောကတွင် အရာရာအောင်မြင်နိုင်သည်မှာ မေတ္တာကို အခြေခံသည့် သစ္စာတရားပင်ဖြစ်သည်။ ဥပမာပြရသော် ဘုရားလောင်းငုံးမင်းသည် တောမီးကြီးလောင်၍ သူ့အား မီးဝန်းရံနေသောအခါ သစ္စာပြုပါသည်။ "ငါသည် အတောင်အလက်မစုံသေးသဖြင့် ပျံလည်း မပျံနိုင်ပါ။ ခြေများရှိသော်လည်း နုနယ်သဖြင့် မပြေးလွှားနိုင်သေးပါ။ ငါ့မိဘများသည်လည်း ငါ့ကိုပစ်ပြေးကြပေကုန်ပြီ၊ ဤမှန်သောသစ္စာတရားကြောင့် မီးဘေးမှ ကင်းလွတ်ပါစေသတည်း"ဟု သစ္စာဆို၏။ မှန်ကန်သော သစ္စာစကားကြောင့် မီးဘေးမှ လွတ်ကင်းသွားရပါသည်။

အာဠဝကဘီလူးကြီး၏ အမေးပုစ္ဆာများသည် လောကသတ္တဝါအားလုံးအတွက် တန်ဖိုးကြီးမားလှသကဲ့သို့ မြတ်စွာဘုရားဟောကြားသော တရားတော်များမှာလည်း တန်ဖိုးမဖြတ်နိုင်လောက်အောင် သတ္တဝါများအတွက် ကျေးဇူးကြီးမားလှပါသည်။

အာဠဝကဘီလူးကြီးနှင့် မြတ်စွာဘုရား အမေးအဖြေဆုံးသောအခါ ဘီလူးကြီးလည်း မာန်စွယ်ကျိုးပြီး မြတ်စွာဘုရား၏ တရားတော်များ နာကြားရသဖြင့် တရားအဆုံးတွင် သူတော်ကောင်း သောတာပန်ဖြစ်သွားပါသည်။ သူတော်ကောင်းစိတ်ဝင်ကာ တရားဓမ္မအားထုတ်ရသောကြောင့် သံသရာအတွက် အာမခံချက်ရှိသော သဒ္ဓါဆိုသည့် သုံးမကုန်သည့် စည်းစိမ်ဥစ္စာများ ရရှိသွားပါတော့သည်။

ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ ဟောကြားသော တရားတော်ကို နာကြားရရာမှ ဤဆောင်းပါး ဖြစ်ပေါ်လာရပါသည်။ သံသရာခရီးတွင် သွားလာနေကြရသည့် ပုဂ္ဂိုလ်၊ သတ္တဝါများအတွက် လက်ရှိပစ္စုပ္ပန်လောကတွင်လည်း မိမိဘဝတင့်တယ်၊ သံသရာအတွက်လည်း ကောင်းမှုတွေပါသွားရလေအောင် မိမိတို့တွင် တွေ့ကြုံနေကြရသော ပြဿနာအရပ်ရပ်ကို မေတ္တာကို အခြေခံ၍ ဓမ္မမှန်ကန်သောသစ္စာတရားဖြင့် ဖြေရှင်းပြီး တရားတော်နှင့်ညီသော အလုပ်များကိုသာ လုပ်ဆောင်သွားကြပါစို့ဟု ကုသိုလ်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

**ဝန်ခံချက်**

စာရေးသူလည်း သာမန်ပုထုဇဉ်လူသားတစ်ယောက်ဖြစ်နေသည့်အတွက် အရာရာကို မေတ္တာမထားနိုင်သေးပါ။ မေတ္တာထားနိုင်အောင် ကြိုးစားနေဆဲပင်ဖြစ်ပါသည်။ ဓမ္မဆိုသည့် သူတော်ကောင်းတရားများသည် တစ်ခါဖတ်ရုံ၊ တစ်ခါကျင့်ရုံဖြင့် ပါရမီရှင်မဟုတ်လျှင် ပြီးပြည့်စုံနိုင်မည်မဟုတ်ပါ။ သို့သော် အကြိမ်ကြိမ်အခါခါဖတ်၊ အကြိမ်ကြိမ်အခါခါ ကျင့်ကြံအားထုတ်မည်ဆိုလျှင်ဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မေတ္တာတရားနှင့်ပြည့်စုံသော သူတော်ကောင်းတစ်ယောက် ဖြစ်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ကြိုးစားဆဲပင်။ ။

# ယာဉ်တိုက်ခံရသည့်လူနာများကို အချိန်မီဆေးရုံသို့ ပို့ပေးခြင်း၊ ကူညီခြင်းသည် ပြစ်မှုကျူးလွန်ခြင်းမဟုတ်၍ ကူညီသူများကို အမှုမပတ်နိုင်

**ရန်ကုန် မတ် ၁၇**

အများပြည်သူများအနေဖြင့် ယာဉ်တိုက်ခံရသည့် လူနာများကို အချိန်မီဆေးရုံသို့ ပို့ပေးခြင်း၊ ကူညီကယ်ဆယ်ခြင်းသည် ပြစ်မှုကျူးလွန်ခြင်းမဟုတ်၍ ၎င်းတို့ကို အမှုပတ်ရန်မှာ မဖြစ်နိုင်ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅)မှ ဦးနိုင်ထွန်းအုံ၏ ယာဉ်မတော်တဆမှုနှင့် ကြုံတွေ့သည့်အခါ ကူညီသူများကို အမှုမပတ်နိုင်အောင် ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းရန် အစီအစဉ်ရှိမရှိနှင့် စပ်လျဉ်း၍ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားသွားခဲ့သည်။

ယာဉ်တိုက်ခံရသည့် လူနာများကို ကူညီသူများသည် သက်ဆိုင်ရာ ရဲတပ်ဖွဲ့တာဝန်ရှိသူများက တရားဝင်စစ်ဆေးသည့်အခါ မှန်မှန်ကန်ကန် အစစ်ဆေးခံခြင်းဖြင့် မှုခင်းဖြစ်ရပ်မှန်ကို ဖော်ထုတ်နိုင်မည်ဟု သိရသည်။ ထို့ကြောင့် ယာဉ်မတော်တဆမှုနှင့် ကြုံတွေ့ရသည့်အခါ အသိစိတ်ဓာတ်ဖြင့် ကူညီသူများကို ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း မရှိပါသဖြင့် အမှုမပတ်အောင် ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းရန် မလိုအပ်ဟု ယူဆပါကြောင်း ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြောကြားသွားခဲ့သည်။

"ယာဉ်တိုက်ခံရတဲ့ သူတွေကို မကူညီရဲကြတဲ့သူတွေ များတယ်။ အမှုပတ်မှာကြောက်တဲ့အတွက် သက်ဆိုင်ရာကို ဖုန်းဆက်အကြောင်းကြားပြီး ဝိုင်းအုံကြည့်နေကြတာများတယ်။ မသေသင့်ဘဲ မသေအောင်၊ သွေးထွက်မလွန်အောင်၊ အချိန်မီ ဆေးရုံကို ရောက်အောင် ကူညီဖို့လိုပါတယ်။ ဒါပေမယ့် ကူညီရင်း အမှုပြန်ပတ်မှာ ကြောက်ကြတော့ တော်ရုံတန်ရုံ မကူညီရဲကြဘူး" ဟု မ.ထ.သ (ဗဟို) ရန်ကုန်တိုင်းဒေသကြီးမှ အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ယင်းသို့ ကူညီခြင်းသည် အမှုပတ်ရန် မဖြစ်နိုင်ကြောင်းနှင့် အကူအညီပေးသူကို တရားခံအဖြစ် မှားယွင်းတရားစွဲဆိုခဲ့လျှင်လည်း ယင်းသို့ စွဲထားသည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁ (က)အရ အမှုချေဖျက်ပေးရန် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် တရားလွှတ်တော်တွင် လျှောက်ထားခွင့် ရှိကြောင်း သိရသည်။

(ဝဝ၁)

သုတစွယ်စုံ စာပေဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဆုရွေးချယ်ခံရသည့် စာအုပ်များအကြောင်းကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

# သတ္တမအကြိမ် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၇

**မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံ စာအုပ်တိုက်ကချီးမြှင့်သည့် သတ္တမအကြိမ် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

ရှေးဦးစွာ သုတစွယ်စုံစာပေဆုအလှူရှင် စွယ်စုံမီဒီယာဂရု(ပ်) မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးက ဆုချီးမြှင့်ရခြင်း အကြောင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုရွေးချယ်ခံရသည့် စာအုပ်များအကြောင်းကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သုတစွယ်စုံစာပေဆု ရရှိကြသူများအား ဆုများချီးမြှင့်ရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်က သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က "မသိစိတ် ရှာပုံတော်" စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (ဝိဇ္ဇာ) ဆုရ ဒေါက်တာကျော်စိန်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က "မြိတ်ကျွန်းစု အလှများဆီသို့" စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု (စာပဒေသာ)ဆုရ စိန်မျိုးမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က "ရှာမှရှားတဲ့ နိုင်ငံရေးသမားနှင့် နိုင်ငံရေးဆောင်းပါးများ" စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု (နိုင်ငံရေးစာပေ)ဆုရ မောင်ဝံသ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က "ညဉ့်ရဲ့အချိန်မှာ မျှော်မျှော်ကာစောင့်တဲ့ အလင်းရောင် ထူးခြားတောက်ပလို့" (စိုင်းထီးဆိုင်၏ ပုံတူ ကောက်ကြောင်း) စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (အတ္ထုပ္ပတ္တိစာပေ)ဆုရနိုင်ဇော်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က "အရှေ့လေလွှမ်းသောအခါ (သို့) ကမ္ဘာကို တရုတ်တို့စိုးမိုးချိန်" စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု (လူမှုစီးပွား)ဆုရ ဟိန်းလတ်ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သီရိခင်၊ စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက "ကုလသမဂ္ဂပေါ်မှအမြင်" စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (ဘာသာပြန်)ဆုရ ရဲတင့်နှင့် "လွယ်ကူလေ့လာ ပုံနှိပ်ပညာ" စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ)ဆုရ ဦးကျော်သူ၊ စွယ်စုံမီဒီယာဂရု(ပ်) မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးက "မြန်မာနိုင်ငံအတွင်းက အပြည်ပြည်ဆိုင်ရာ မြစ်များနှင့် အခြားရေသယံဇာတဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်းပါးများ" စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု (သုတသိပ္ပံ) ဆုရ ဝင်းကျော်တို့အား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌနှင့် မန်နေဂျင်းဒါရိုက်တာတို့က စာပေဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဦးကိုကို (ကို-တက္ကသိုလ်)အား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ဆုရရှိသူ စာရေးဆရာများဖြစ်ကြသည့် မောင်ဝံသ၊ စိန်မျိုးမြင့်နှင့် ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ရောဝတီမြေပဲဆီသန့်၏ ကူညီပံ့ပိုးမှုဖြင့် မတ် ၂၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာကျော်ဝင်းက "ရွေးကောက်ပွဲဒီမိုကရေစီမှ လစ်ဘရယ်ဒီမိုကရေစီသို့" "FROM ELECTORAL DEMOCRACY TO LIBERAL DEMOCRACY" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တောင်ကြီး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**တောင်ကြီး မတ် ၁၇**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(တောင်ကြီး)သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် Vinyl ပိုစတာပြပွဲကို မတ် ၈ ရက်တွင် ကန်အောက်ရပ်ကွက် မင်းကျောင်းပရိယတ္တိစာသင်တိုက် ယဉ်ကျေးလိမ္မာသင်တန်း၌ ကျင်းပရာ သင်တန်းသား သင်တန်းသူ၊ သံဃာတော်များနှင့် သီလရှင်များ တက်ရောက်ကြပြီး စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးနင်းသူများ အပါအဝင် လမ်းအသုံးပြုသူများ သိသင့်သည့် အချက်များကို လည်းကောင်း၊ ယာဉ်ထိန်းဌာနမှ ရဲအုပ်မြင့်အောင်က ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများအကြောင်းကို လည်းကောင်း Projector ဖြင့် ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ်ကညန)

# အင်ဂျင်နီယာပညာရှင်နှင့် ကွန်ပျူတာပညာရှင်များ တိုးမြှင့်မွေးထုတ်ပေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း တည်ဆောက်ဖွင့်လှစ်ပေးထားသော အဆင့်မြင့်နှင့် နည်းပညာတက္ကသိုလ်များ

ပဲခူးတိုင်းဒေသကြီးအတွင်း လူငယ်လူရွယ်များ စဉ်ဆက်မပြတ် အဆင့်မြင့်နည်းပညာသင်ယူနိုင်ရန် တောင်ငူမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ် (တောင်ငူ) (အပေါ်ပုံ)ကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ပြည်နည်းပညာတက္ကသိုလ် (အောက်ပုံ)၊ ပြည်တက္ကသိုလ်ပင်မဆောင် (ယာပုံ)နှင့် (အောက်ယာပုံ) တို့ကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ပဲခူးဒီဂရီကောလိပ်ပင်မဆောင်(အောက်ဆုံးပုံ) ကို တွေ့ရစဉ်။

သတင်းမှတ်စု-မောင်ပြိမ်းအေး

* နိုင်ငံတော်၏ ပညာရေးမူဝါဒတစ်ရပ်ချမှတ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအတွက် လည်းကောင်း ပြည်ထောင်စုတစ်ဝန်းလုံးအတွက် လည်းကောင်း လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးလျက် ရှိသည်။
* ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူငယ်လူရွယ်များ အရေအတွက်ရော အရည်အချင်းပါ တိုးတက်မြင့်မားလာအောင် ဖော်ဆောင်ပေးလျက်ရှိသည်။
* ပညာသင်ယူမှု တစ်ပြေးညီဖြစ်စေရန်၊ ပညာတစ်ပိုင်းတစ်စမဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် သင်ယူနိုင်စေရန် အတွက် ပဲခူးတိုင်းဒေသကြီးတွင် အဆင့်မြင့်ပညာများကို တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်နှစ်ခု၊ ဒီဂရီကောလိပ်တစ်ခုနှင့် ပညာရေးကောလိပ် နှစ်ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးထားသည်။
* အင်ဂျင်နီယာပညာရှင်များနှင့် ကွန်ပျူတာပညာရှင်များ တိုးမြှင့်မွေးထုတ်ပေးနိုင်ရန်အတွက် အခြား တိုင်းဒေသကြီး/ပြည်နယ်များနှင့် ဆက်စပ်ပြီး အချက်အချာကျသည့် ပြည်မြို့နှင့် တောင်ငူမြို့တို့၌ နည်းပညာ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာအထက်တန်းကျောင်း တစ်ခုစီကို ဖြန့်ကြက်ဖွင့်လှစ်ပေး ထားသည်။

# ဘေးအန္တရာယ်စီမံခန့်ခွဲမှု အခက်အခဲများကို တစ်ဦးချင်းရင်ဆိုင်ဖြေရှင်း၍မရ သတင်းအချက်အလက်ဖြန့်ဝေမှုများမှတစ်ဆင့် နိုင်ငံတကာကူညီမှုများဖြင့် ရင်ဆိုင်နိုင်မည်

ရန်ကုန် မတ် ၁၇

**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် မတ် ၁၅ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် သဘာဝဘေး စီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေး အာဆီယံသဘောတူညီချက်ဆိုင်ရာ အဖွဲ့ဝင်များညီလာခံ၏ ပထမအကြိမ် အစည်းအဝေး (First Meeting of the Conference of the Parties (COP 1) to the ASEAN Agreement on Disaster Management and Emergency Response- AADMER)သို့ တက်ရောက်ခဲ့သည်။**

အဆိုပါ အစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့်အတူ အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံမှ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ ပြည်သူ့ရေးရာညှိနှိုင်းရေးဝန်ကြီးဌာန ဝန်ကြီး H.E.Agung Laksono က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေး အာဆီယံ သဘောတူညီချက်ဆိုင်ရာ အဖွဲ့ဝင်များညီလာခံ၏ အစည်းအဝေးများ ကျင်းပရေးအတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ အာဆီယံ သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများ ချမှတ်အတည်ပြုခြင်းနှင့် သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာန (ASEAN Coordinating Center for Humanitarian Assistance on Disaster Management-AHA Center) လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ထားသည့် ရန်ပုံငွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများသည် တစ်ဦးချင်းတစ်ယောက်ချင်းဖြင့် ရင်ဆိုင်ဖြေရှင်း၍ မရနိုင်ကြောင်း၊ AHA Center မှ ဆောင်ရွက်ပေးလျက်ရှိသည့် သတင်းအချက်အလက် ဖြန့်ဝေမှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများဖြင့် ပေါ်ပေါက်လာနိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများအားလုံးတွင် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လျော့ပါးစေရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အာဆီယံသဘောတူညီချက် (AADMER)အရ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ AHA Center ထူထောင်ရေးဆိုင်ရာ သဘောတူညီချက်ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့် လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့ဝင်နိုင်ငံများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဂုဏ်ယူဝမ်းမြောက်မိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်များနှင့်အတူ ဂျကာတာမြို့ BNPP အဆောက်အအုံ (၁၇)ထပ်၌ ဖွင့်လှစ်ထားသော အာဆီယံသဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းမှုဌာန (AHA Center)သို့ သွားရောက်လေ့လာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၄ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ Ministry of Manpower and Transmigration ဝန်ကြီးဌာန ဝန်ကြီး Mr. Muhaimin Iskandar နှင့် တွေ့ဆုံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီဖြစ်ထွန်းအောင်မြင်နေမှုများကို ပြောကြားခဲ့ပြီး အလုပ်သမား အဖွဲ့အစည်းများနှင့် ရွှေ့ပြောင်း အလုပ်သမားများဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါသွားသော ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်သည် မတ် ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပသော (၁၉)ကြိမ်မြောက် အာဆီယံသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကိုလည်း တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၆ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## MRTV-4 - ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

**၁၈-၃-၂၀၁၂ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၅း၄၀ | "ဒေါနဲ၏ တစ်ခွန်းသောစကား" တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ) |
| ၉း၁၀ | Forever Gems by ရွှေနန်းတော် Jewellery Centre ဖွင့်ပွဲ (Part-1) |
| ၁၁း၀၅ | Activities In The City (Global, Education Show 2012စာနယ်ဇင်းရှင်းလင်းပွဲ) |
| ၁၂း၃၀ | Junction Square ၏ Grand Opening |
| ၃း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၁၇)** |
| ၄း၀၀ | MNL MYANMAR 2012 (Southern Myanmar Vs Hantharwaty)(LIVE) |
| ၆း၁၅ | Sunday Talk (ဒေါက်တာသက်သက်ခိုင်၊ မျိုးမြတ်သူ) |
| ၆း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၂၅)** |
| ၇း၃၀ | Forever Gems By ရွှေနန်းတော် Jewellery Centre ဖွင့်ပွဲ (Part-2) |
| ၈း၃၀ | သွားမယ်စားမယ် (Venus Garden) |
| ၉း၁၀ | ဗီဒီယိုပြခန်း |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှင်းရာ" (အပိုင်း-၁၀၂)** |
| ၁၀း၂၅ | Barclays Premier League (Newcastel Vs Norwich) |
| ၃း၃၅ | မြို့အလှဂုဏ်ကြွယ် ရှိုးရာစားဖွယ် |
| ၄း၄၅ | ရွှေကျင်မြေတွင် တည်ထားပူဇော်ဆံတော်ရှင် အရှေ့မဟာဗုဒ္ဓဘုရားကြီး(ခေါ်) မွေတော်မွန်ရောဇ် စေတီတော် |

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၅၅ | Wolves - Man U | (ESPN) |
| ၁၀း၂၅ | Newcastle - Norwich | (ESPN)(MRTV-4) |

*** ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။**

# Measurement Standards in Myanmar ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၁၇**

ထိုင်းနိုင်ငံ National Institute of Metrology (Thailand)၊ ဂျပန်နိုင်ငံ (Japan International Co-ordination Agency) JICA နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဒုတိယအကြိမ်မြောက်ကျင်းပသော seminar and workshop on "Measurement Standards in Myanmar "ကို မတ် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင် အခမ်းမဲ့ ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးနှင့် ဂျပန်နိုင်ငံ JICA မှ ဌာနေကိုယ်စားလှယ် Mr. Masahiko Tanaka တို့က အမှာစကားပြောကြားကြပြီး ဆွေးနွေးပွဲသို့ သင်တန်းသား ၁၃၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မီးသတ်တပ်စုမှူးလောင်း သင်တန်းဆင်း

**ရန်ကုန် မတ် ၁၇**

မီးသတ်တပ်စုမှူးလောင်း သင်တန်းအမှတ်စဉ်(၁၂/၂၀၁၁) ဆင်းပွဲကို မတ် ၉ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)စစ်ရေးပြကွင်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသားစံပြဆုနှင့် ထူးချွန်ဆုရသူများအား ဆုများပေးအပ်ချီးမြှင့်ကာ**(ဝဲပုံ)** မီးသတ်တပ်စုမှူးလောင်းအရာရှိများအား ရာထူးခန့်အပ်လွှာများကို ပေးအပ်သည်။

အဆိုပါသင်တန်းကို ဗဟိုမီးသတ်သင်တန်းကျောင်း ပြင်ဦးလွင်၌ ၂၀၁၁ ခုနှစ် ဇူလိုင် ၄ ရက်မှ ဒီဇင်ဘာ ၁၆ ရက်အထိ ရက်သတ္တ ၂၄ ပတ်၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်) လေ့ကျင့်ရေးဌာနစု(ရန်ကုန်)၌ ဒီဇင်ဘာ ၁၉ ရက်မှ ၂၀၁၂ ခုနှစ် မတ် ၉ ရက်အထိ ရက်သတ္တ ၁၂ ပတ် စုစုပေါင်းရက်သတ္တ ၃၆ ပတ်ကြာဖွင့်လှစ်ခဲ့ပြီး နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ မီးသတ်တပ်စုမှူးလောင်း သင်တန်းသား ၉၅ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

**စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား**

# အလုပ်အကိုင်များပွင့်လန်းနေသော ချောင်းဦးမြို့နယ်က စိုက်ပျိုးရာသီ

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် တန်ဖိုးမြင့်သီးနှံများဖြစ်သော(ပိုက်)သခွား၊ (ရွှေ)သခွား၊ ဖရဲနှင့် ခရမ်းချဉ်(ထိုင်ဝမ်)တို့ကို ရေလွယ်ကူစွာရရှိနိုင်သည့် ယာမြေများနှင့် ကိုင်းကျွန်းမြေများတွင် စိုက်ပျိုးကြကြောင်း လေ့လာသိရှိရသည်။

ယာမြေများတွင် မိုးဦးကာလတွင် စိုက်ပျိုးကြပြီး ယာမြေနှင့် ကိုင်းကျွန်းမြေများတွင် မိုးနှောင်း ဆောင်းရာသီဖြစ်သော အောက်တိုဘာလမှ စတင်စိုက်ပျိုးကြကြောင်း၊ ထို့အပြင် ဈေးကွက် အနေအထားပေါ်လိုက်၍ ဇန်နဝါရီလအထိ စိုက်ပျိုးကြကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစောလင်းမှ ရှင်းပြသည်။

ဆက်လက် ရှင်းပြသည်များမှာ သခွားမွှေးကို ၇၅ရက်သားတွင် ပထမအသီးခူးဆွတ်၍ အလုံး ၇၀၀၀(ကိုးတန်) ခန့်ထွက်ရှိပြီး ဒုတိယအသီးကို ရက် ၉၀ တွင် ခူးဆွတ်၍ အလုံး ၅၅၀၀ (၆ ဒသမ ၅ တန်)ခန့် ထွက်ရှိသည်။ ဖရဲသီး၏ အသက်ရက်မှာ ၇၅ ရက်၊ ခရမ်းချဉ်၏ အသက်ရက်မှာ ၇၀ ဖြစ်သည်။အဆိုပါ တန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ပျိုးထောင်ခြင်း၊ မြေပြုပြင်ခြင်း၊ ရေသွင်းခြင်း၊ အပင်စိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်း၊ တိုင်ထောင်ခြင်း၊ တန်းပစ်ခြင်း၊ နှိုးချည်ခြင်း၊ ပိုးမွှား ရောဂါကာကွယ်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာကျွေးခြင်း၊ အပင်ခါးဆွခြင်း၊ ပေါင်းသင်ခြင်း၊ အညွန့်ဖြတ်ခြင်း၊ အသီးပယ်ခြင်း၊ အိတ်စွပ်ခြင်း၊ သီးလုံးကြိုးဆွဲခြင်း၊ အသီးခူးခြင်း၊ အသီးသယ်ခြင်း၊ ထုပ်ပိုးခြင်း၊ ကားတင်ခြင်း စသည့် လုပ်ငန်းအဆင့်တိုင်းတွင် လူ့လုပ်အားများစွာကို အသုံးပြုစိုက်ပျိုးထုပ်လုပ်ကြရကြောင်း သိရသည်။**(ယာပုံ)**

အဆိုပါ အလုပ်သမားများအနက် အသီးကို စက္ကူပတ်ထုပ်ပိုးသူများသည် အသီးတစ်လုံးထုပ်ပိုးခ ၂ကျပ်၅၀ပြား ရရှိပြီး တစ်နေ့ကို အလုံး ၃၀၀၀/၃၅၀၀ ထိထုပ်ပိုးနိုင်သည့်အတွက် တစ်နေ့ဝင်ငွေမှာ ကျပ် ၇၅၀၀ နှင့်အထက် ရရှိကြောင်း မင်းခေါင်ရွာသူ မသဲအူမှ ပြောပြပါသည်။

ချောင်းဦးမြို့နယ်တွင် တန်ဖိုးမြင့်သီးနှံများကို ၂၀၁၁-၂၀၁၂ ခုနှစ်စိုက်ပျိုးရာသီတွင် သခွားမွှေး ၂၁၉၀ ဧက၊ ဖရဲ ၁၃၇ ဧက၊ ခရမ်းချဉ် ၄၆၉ ဧက စိုက်ပျိုးခဲ့ရာ မိုးဦးကာလမှစ၍ နှစ်ပေါက်နီးပါး ကာလတိုင် လူအများအပြား အလုပ်အကိုင်များရရှိနေကြသည်ကို သိရှိမြင်တွေ့ခဲ့ရသည်မှာ များစွာဝမ်းသာကြည်နူးခဲ့ရပါသည်။ (ဖေထွဏ်းဇော်-ရေစကြို)



# ရမည်းသင်းမြို့နယ်အတွင်း ကုလားပဲစိုက်တောင်သူများ ဈေးကွက်ရအဆင်ပြေ

**ရမည်းသင်း မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အရှေ့မြောက်ဘက် ကန်ဘဲ့အုပ်စု ထန်းပေါက်ကုန်းကျေးရွာတွင် ကုလားပဲခင်းများ ရိတ်သိမ်းလျက်ရှိသည်ကိုတွေ့ရပြီး မြို့နယ်အတွင်းရှိ အခြားကျေးလက်ဒေသများတွင်လည်း ကုလားပဲစိုက်ကြသည်ဟု သိရသည်။**(ဝဲပုံ)**

ကုလားပဲကို တန်ဆောင်မုန်းလတွင် စိုက်ပျိုး၍ တပေါင်းလအတွင်းတွင် ရိတ်သိမ်းနိုင်သည်ဟု သိရပြီး စိုက်ပျိုးနည်း နှစ်မျိုးရှိသည်ဟု သိရသည်။ အကွက်အတွင်း ထယ်ထိုး၍ တိုက်ရိုက်အစေ့ချစိုက်နည်းနှင့် ထယ်ရေးနက်နက်ထွန်ကာ တန်းဆွဲစိုက်ပျိုးသောနည်းတို့ ဖြစ်သည်။

တိုက်ရိုက်အစေ့ချစိုက်သောစနစ်မှာ တန်းဆွဲစိုက်သောစနစ်နှင့် ယှဉ်သော် မျိုးစေ့ပို၍ကုန်ခြင်း၊ ထွက်နှုန်းနည်းပါးခြင်း၊ အပင်ပေါက်မတူ၍ ရိတ်သိမ်းရာတွင် နောက်ကျခြင်းစသည်တို့ကြောင့် တန်းဆွဲစိုက်သောစနစ်ကိုသာ အများဆုံးအသုံးပြုစိုက်ပျိုးကြသည်ဟု သိရသည်။

ကုလားပဲကို တန်းဆွဲ၍စိုက်ပါက တစ်ပေါင်နှင့် တစ်ပေါင် တစ်ပေခွဲခန့်အကွာတွင်ထား၍ ပင်ခြား ခြောက်လက်မ အကွာထားစိုက်ပျိုးရသည်ဟု သိရသည်။ တစ်ဧကလျှင် မျိုးစေ့ငါးပြည်သာကုန်၍ တိုက်ရိုက်အစေ့ချစိုက်သောနည်းထက် မျိုးကုန်သက်သာသည်ဟု သိရသည်။

ယာခင်းအတွင်းမှရိတ်သိမ်းပြီးသော ကုလားပဲပင်များကို မြေညီညာ၍ အကွက်ကျယ်သော ပဲတလင်းများတွင် တစ်ရက်၊ နှစ်ရက်နေလှန်းခြင်းဖြင့် ခြောက်သွေ့နိုင်ပြီး နွားဖြင့်နယ်သည့်နည်းတူ စက်ဖြင့်လည်း ခြွေလှေ့ကြသည်။ စက်ခြွေခမှာ ပဲတစ်တင်းလျှင် ကျပ် ၅၀၀ ပေးရသည်ဟု သိရသည်။

ကုလားပဲမှာ တစ်ဧကလျှင် ရှစ်တင်းမှ ၁၀ တင်းဝန်းကျင်ထွက်ရှိပြီး ယနေ့ကုလားပဲတစ်တင်းပေါက်ဈေးမှာ ၁၆၀၀၀/၁၇၀၀၀ ကျပ် ဈေးရောင်းရသည်ဟု သိရသည်။ ယခုနှစ်တွင် ပဲဈေးကွက်မှာ ယခင်နှစ်ကထက် ပိုသောကြောင့် ကုလားပဲစိုက်တောင်သူများ အဆင်ပြေကြသည်ဟု ထန်းပေါက်ကုန်းကျေးရွာနေ ပဲစိုက်တောင်သူတစ်ဦးဖြစ်သူ ဦးတင်ငွေက ပြောသည်။ (၆၅၄)

# (၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို စွဲမြဲစွာခံယူစောင့်ထိန်းရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

## ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် မတ် ၁၇**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း (၁၈) ခု မေးမြန်းဖြေကြားခြင်း၊ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးချေးငွေနှင့်စုငွေများဘဏ်ဥပဒေကြမ်း၊ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်း ဥပဒေကြမ်းတို့ကို တင်သွင်းခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေကြမ်းပါ အခန်း(၁)ခန်းကို အတည်ပြုခြင်းများဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၄ နာရီခွဲတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

**✳ဇဝရက်တောင်မှ**

တရုတ်နိုင်ငံကမူ နီပေါနိုင်ငံ၏ တွက်ချက်မှု မှားယွင်းနေသည်ဟု ထောက်ပြခဲ့သည်။ နီပေါနိုင်ငံ၏ တွက်ချက်မှုသည် တရုတ်နိုင်ငံ၏ တွက်ချက်မှုထက် ၁၃ ပေ(၄မီတာ)ပိုမို ပြောကြားခဲ့ကြသည်။

ဇဝရက်တောင်၏ အမြင့်ကို ၁၈၅၆ ခုနှစ်တွင် စတင်တိုင်းတာတွက်ချက်ခဲ့ပြီးချိန်နောက်ပိုင်း ထပ်မံတိုင်းတာမှု အများအပြားကို ပြုလုပ်ခဲ့သည့်တိုင်အောင် နိုင်ငံအများက တညီတညွတ်တည်း လက်ခံနိုင်သော တွက်ကိန်းကို မရရှိခဲ့ကြပေ။

ဇဝရက်တောင်သည် လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၆၀ ခန့်က တက်တိုးနစ်ပလိပ်တို့၏ ရွေ့လျားမှုကြောင့် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြသည်။

အင်တာနက်။

**မတ် ၁၇ရက်က မဟာသဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့် (ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သာသနာနုဂ္ဂဟအသင်း)နှင့် ဇနီး သုဓမ္မသီဂီ ဒေါ်ခင်ခင်စိန်(စိန်ရတနာကျောက်မျက်ရတနာ ရောင်းဝယ်ရေး) မိသားစုတို့က ဦးကျော်ခင်မြင့်၏ မွေးနေ့အထိမ်းအမှတ် အလှူအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)နှင့် တောင်တန်းသာသနာပြု ရဟန်းတော်များအား ပစ္စည်းလေးပါးထောက်ပံ့ရန် ပဒေသာပင်အလှူငွေအဖြစ် ငွေကျပ်သိန်း ၂၀၀ စိုက်ထူလှူဒါန်းစဉ်။** (သတင်းစဉ်)

## ဆင်ခြင်စေချင်ပါသည်

စနေ၊ တနင်္ဂနွေရုံးပိတ်ရက်ဖြစ်သဖြင့် တစ်နေကုန် အိမ်မှုကိစ္စများလုပ်ပြီး ညနေခင်းရောက်သောအခါ အိမ်ရှေ့ဝရန်တာထွက်၍ ပက်လက်ကုလားထိုင်ပေါ်ထိုင်ကာ မိမိတို့လမ်းအတွင်း လှုပ်ရှားသွားလာနေကြသည့် ပတ်ဝန်းကျင်ကို လေ့လာကြည့်လိုက်မိသည်။

မိမိ၏သားငယ်၊ သမီးငယ်အရွယ်၊ အရွယ်စုံ ဆိုဒ်စုံတို့သည် ညနေခင်းတွင် လမ်းအတွင်း အကြောင်းအမျိုးမျိုးဖြင့် လှုပ်ရှားသွားလာနေကြသည်။ စာအုပ်ဆိုင်သွားသူ၊ အခွေဆိုင်သွားသူ၊ မုန့်ဆိုင်ထိုင်သူ၊ Internet ဆိုင်သွားသူ၊ အလှပြင်ဆိုင်သွားသူ အခြားအခြားသော အကြောင်းအမျိုးမျိုးဖြင့် လှုပ်ရှားသွားလာနေသူများအနက် အချို့သော သမီးငယ်လေးများ၏ ဝတ်စားဆင်ယင်မှုကို သတိပြုမိခဲ့သည်။

သမီးတို့သည် ဒီမိုကရေစီကိုအကြောင်းပြကာ ဝတ်စားဆင်ယင်ရာတွင် ခေတ်ရှေ့ကို လိုအပ်သည်ထက်ပို၍ ပြေးနေသည်ဟုမြင်မိသည်။ ခေတ်မီတာ၊ ခေတ်ဆန်တာ သဘာဝကျသည်။ ခေတ်လွန်သည်ကတော့ မကောင်းဟုမြင်သည်။ မြန်မာလူမျိုး မြန်မာမိန်းကလေးများဖြစ်၍ မိမိလူမျိုး၏ ဂုဏ်သိက္ခာကိုမူ ထိန်းသိမ်းသင့်သည်။ မိမိတို့၏ ဆန္ဒတစ်ခုတည်းအတွက် ခေတ်လွန်သည်ကတော့ မသင့်တော်။ တချို့က ဘောင်းဘီတိုကို တင်ပါးအောက်လောက်အထိသာ ဝတ်ဆင်ထားကြသည်။ အပေါ်အင်္ကျီကလည်း လက်ညှိုးတစ်ချောင်းလောက်သာရှိသော အတွင်းခံအင်္ကျီဆန်ဆန် အင်္ကျီမျိုးဝတ်ထားသည်ဖြစ်၍ ခပ်ရိုင်းရိုင်းပြောရလျှင် အပေါ်လည်းမလုံ၊ အောက်လည်းမလုံ၊ မလုံ့တလုံဟုပင်ပြော၍မရ လုံးဝကို မလုံမလဲဖြစ်နေကြသည်။ တချို့သမီးငယ်တွေကတော့ အင်္ကျီချိုင်းပြတ် ဂါဝန်ရှည်ကို ဝတ်ထားသော်လည်း ရင်ဘတ်၏ဟိုက်ထားချက်သည် မောင်နှင့်နှမ၊ သားနှင့်အမိ မည်သို့မျှ မျက်လုံးချင်းမဆုံရဲသည့် မြင်ကွင်းမျိုး တွေ့မြင်နေရသည်။ မိမိတို့ မြန်မာလူမျိုးသည် ဟိရိနှင့်ဩတ္တပ္ပဟူသော လောကပါလတရားနှစ်ပါးကို အလွန်တန်ဖိုးထားကြသော လူမျိုးဖြစ်သည်။ သမီးလေးတို့ မမေ့မလျော့ကြပါနှင့်၊ မိန်းကလေးသဘာဝ လှချင်ပချင်၊ ပေါ်ပြူလာဖြစ်ချင်သည်ကို ငယ်ရာက ကြီးလာသည်ဖြစ်၍ သဘောပေါက်ပါ၏။ လက်ခံပါ၏။ ရာသီဥတုပူ၍ ယခုကဲ့သို့ ဝတ်စားဆင်ယင်ထားခြင်းလား သို့တည်းမဟုတ် ခေတ်မီချင်၊ ခေတ်ဆန်ချင်၊ ပေါ်ပြူလာဖြစ်ချင်လို့များလားတော့မသိ။ ဘာပဲဖြစ်ဖြစ် အပြုသဘောနဲ့ ဆင်ခြင်စေချင်ပါသည်ဟူ၍သာ သတိပေးစကားပြောကြားလိုက်ရပါသည်။ (မေနိုင်-စာနယ်ဇင်း)

**❖ရုပ်သံဇာတ်လမ်းတွဲမှ**

အံဝင်ခွင်ကျဖြစ်အောင် သရုပ်ဆောင်နိုင်မည့်သူကို ရှာဖွေခဲ့ရာတွင် ကင်မ်ဂျေကျောင်းသာ အသင့်တော်ဆုံးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

ကင်မ်သည် ဂီတလောကသို့ အမျိုးသမီးတေးဂီတအဖွဲ့ Rainbow မှ အခြားအဖွဲ့ဝင်များဖြစ်သည့် အိုဆန်အေ၊ ခိုဝူရီ၊ နိုအူလ်၊ ဂျန်ယွန်ဟေး၊ ကင်မ်ဂျီဆွခ်၊ ချိုဟန်ယောင်တို့နှင့်အတူ ၂၀၀၉ ခုနှစ်က စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ယင်းတေးဂီတအဖွဲ့သည် ၎င်းတို့၏ ပထမဆုံး တေးအယ်လ်ဘမ် A ဖြင့် ဂျပန်နိုင်ငံ ဂီတလောကတွင် အောင်မြင်မှုရရှိခဲ့ပြီး ဒုတိယမြောက် တေးအယ်လ်ဘမ် MACH နှင့် တတိယမြောက် တေးအယ်လ်ဘမ် Gonna Gonna Go ကိုလည်း ထုတ်ဝေဖြန့်ချိထားသည်။

အင်တာနက်။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**◆ကျောဖုံးမှ**

စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ကျင်းပသော (၆၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၂၄ ဦးတို့က စုစုပေါင်းငွေကျပ် ၆၅၀၀၀၀၀၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဖာပွန်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၇**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းသည် မတ် ၉ ရက် မွန်းလွဲပိုင်းတွင် ဖာပွန်မြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်သစ်တောဦးစီးဌာနယာယီပျိုးဥယျာဉ်၌ပျိုးပင်မျိုးစုံ ပျိုးထောင်ထားမှု၊ ဖာပွန်မြို့ အနောက်ဘက်ကမ်း စံပြကျေးရွာရှိ ခြံပိုင်ရှင် ဦးစိုင်းအုန်းနိုင်၏ နှစ်ရှည်ရော်ဘာခြံနှင့် တောင်သူဦးစိန်ဝင်းညွန့်၏ ရာသီသီးနှံမျိုးစုံ စိုက်ခင်းများ၊ နှစ်ရှည်ရော်ဘာ စိုက်ပျိုးထားရှိမှုနှင့် ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပံ့ပိုးပေးသည်။

မတ် ၁၀ ရက်တွင် ဖာပွန်မြို့နယ်သစ်တောဦးစီးဌာန သစ်တောပျိုးဥယျာဉ်၌ ကျင်းပသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု သစ်စေ့ပျိုးပွဲတော်သို့ တက်ရောက်ပြီး သစ်စေ့မျိုးစုံကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးကာ သစ်စေ့မျိုးစေ့များ ပျိုးထောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါ သစ်စေ့ပျိုးပွဲတော်တွင် ကျွန်း ၄၀၀၀၊ မဟော်ဂနီ ၂၀၀၀၊ ပိတောက် ၁၀၀၀၊ ယမနေ ၅၀၀၊ အောက်ချင်းစာ ၅၀၀၊ စိန်ပန်းကြီး ၁၀၀၀၊ စိန်ပန်းသေး ၅၀၀၊ စကား ဝါ ၅၀၀ ပျိုးထောင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲ ၁ နာရီတွင် ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယွန်းစလင်းခန်းမ၌ ဖာပွန်မြို့မှ ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တာဝန်ရှိသူများထံ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဖာပွန်မြို့ အနောက်ဘက်ကမ်းကူး ယွန်းစလင်းချောင်းတံတားကို ကြည့်ရှုစစ်ဆေးပြီး မတ် ၁၁ ရက်တွင် ကူးဆိပ်ကျေးရွာနှင့် ကတိုင်တိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းများ၊ ကတိုင်တိကျေးလက်ကျန်းမာရေးဌာန၊ ရေပူသစ်သားတံတားပြန်လည်ပြင်ဆင်မွမ်းမံနေမှုနှင့် ဖာပွန်-ကမမောင်းလမ်းပိုင်း လမ်းခင်းပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပဲခူးမြို့ဆုတောင်းပြည့်ရွှေမော်ဓောဘုရားပွဲတော် ကျင်းပမည်

**ပဲခူး မတ် ၁၇**

သမိုင်းဝင်ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့သည့်နည်းတူ ယခုနှစ်တွင်လည်း ပျော်ပွဲရွှင်ပွဲများ၊ အလှူဒါနပွဲများ၊ ပွဲခင်းဈေးဆိုင်တန်းများဖြင့် တန်ခူးလဆန်း ၈ ရက်မှစ၍ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲတွင် ယခင်နှစ်က ဇာတ်ရုံမြေနေရာများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ဈေးနှုန်းများ သိန်းရာကျော်ထိ အဆမတန်မြင့်မားသွားခဲ့သဖြင့် ဇာတ်ပွဲများ အရှုံးပေါ်ခဲ့ကြသည်။ သို့ဖြစ်ရာ ယခုနှစ်တွင် ဈေးပြိုင်စနစ်ကို မကျင့်သုံးတော့ဘဲ ဇာတ်ပွဲကြည့်သူ ပြည်သူအများလည်း ရုံဝင်ခ၊ ဖျာခများ ဈေးနှုန်းမမြင့်မားစေရန် ဂေါပကအဖွဲ့နှင့် ဇာတ်အဖွဲ့များ ညှိနှိုင်း၍ ဇာတ်ရုံတစ်ရုံလျှင် ငွေကျပ် ၄၅ သိန်းစီဖြင့် ဘုရားအလှူတော်ငွေ ထည့်ဝင်ရန် သတ်မှတ်ဆုံးဖြတ်ခဲ့ကြသည်။

သို့ဖြစ်ရာ ဘုရားလမ်း၏ မြောက်ဘက်ခြမ်း ရုံအမှတ်(၁)တွင် စွမ်းဇာတ်အဖွဲ့၊ ရုံအမှတ်(၂)တွင် ရွှေမန်း မြို့သားဖိုးချစ်ဇာတ်အဖွဲ့တို့ ကပြကြမည်ဖြစ်ပြီး ဘုရားလမ်း၏ တောင်ဘက်ခြမ်းတွင် ရုံအမှတ်(၃)၌ မိုးမင်းနှင့် ဟန်ဇာမိုးဝင်း နှစ်ဖွဲ့ပေါင်း၍ တစ်ဇာတ်၊ ရုံအမှတ်(၄)တွင် မိုးကြိုးငှက်ငယ်လေးများအဖွဲ့တို့က ပါဝင်ကပြကြမည်ဖြစ်သည်။ မိုးကြိုးငှက်ငယ်လေးများ ဇာတ်ရုံအတွက် ဘုရားအလှူငွေမှာ ငွေကျပ် ၁၃ သိန်းဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ပါဝင်နေကျ မြင့်သမ္မတ(၁)(၂)(၃) ချားရဟတ်နှင့် ကျော်ရတနာစံချားရဟတ်(၁)(၂)တို့မှာမူ ဈေးပြိုင်စနစ်ဖြစ်သွားသဖြင့် ဈေးနှုန်းများ မြင့်မားသွားကာ မြင့်သမ္မတက ၆၅ ဒသမ ၆သိန်း၊ ကျော်ရတနာစံက ကျပ်သိန်း ၁၁၀ ဖြစ်သွားရာ ပျော်ပွဲရွှင်ပွဲကဏ္ဍ၌ ဘုရားအလှူတော်ငွေ ကျပ် ၃၂၃ သိန်းခြောက်သောင်း ရရှိသွားကြောင်း သိရသည်။

(၄၀၃)

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၁၇

**ယနေ့နံနက် ၉ နာရီခွဲ ထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့ပါသည်။ **နေ့အပူချိန်များမှာ** ရခိုင်ပြည်နယ် နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** မင်းဘူးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့၊ ပြည်မြို့၊ ခရမ်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။



## လေးဆူဓာတ်ပုံရွှေတိဂုံ

စာရေးသူ ဆရာပါရဂူ ရေးသားထားသော လေးဆူဓာတ်ပုံရွှေတိဂုံစာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဆရာပါရဂူ နောက်ဆုံးရေးသားခဲ့သည့် စာအုပ်များထဲမှ တစ်အုပ်ဖြစ်သည်။ ၁၉၆၀ ပြည့်ဝန်းကျင်မှ စတင်ရေးသားခဲ့ပြီး မကွယ်လွန်မီမှသာ အဆုံးသတ်ခဲ့သောစာအုပ်ဖြစ်သည်။ ဤကမ္ဘာမြေပေါ်တွင် လူသားတို့ ပထမဦးဆုံး တည်ထားကိုးကွယ်ခဲ့သည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်အကြောင်းကို သမိုင်းအစမှ ယနေ့ခေတ်မြင်တွေ့နေရသော သာသနိက အဆောက်အအုံတန်ဆောင်း၊ စောင်းတန်းများအထိ သမိုင်းမှတ်တမ်းများသာမက ဘာသာရေးရှုထောင့်မှပါ လေ့လာဆန်းစစ်၍ ရေးသားထားသည်။ ၁၈၀၀ ကျော်မှ ယခုခေတ်အထိ ရှားပါးသမိုင်းမှတ်တမ်းဓာတ်ပုံ ၁၅၀ ကျော် ပါဝင်သည်။ ဤစာအုပ်သည် သာမန်ကျမ်းမျိုးမဟုတ်ဘဲ သုတေသနဆန်သော သမိုင်းမျိုးဖြစ်ရာ သုတေသီပညာရှင်များပါ လေးစားဂုဏ်ယူစွာ ကိုးကားရမည့် သမိုင်းကောင်းတစ်ဆူဖြစ်ပါသည်။

အလင်းသစ်စာပေ တိုက်-၆ အခန်း-၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှတစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၇၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## သာဝတ္ထိရွှေပြည်

မသန်းသန်း(မန်းတက္ကသိုလ်)၏ သာဝတ္ထိရွှေပြည် စာအုပ်ကို ဒုတိယအကြိမ်အဖြစ် Wisdom House စာအုပ်တိုက်က ဖြန့်ချိကြောင်းသိရသည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်တွင် ၂၅ ဝါတိတိ ဝါဆိုစဉ်ကာလ အဖြစ်အပျက်များကို နောက်ခံပြုကာ ဘုရားရှင်၏ သာသနာပြုလုပ်ငန်းများကို ဖော်ကျူးကြည်ညိုထားသော စာအုပ်ဖြစ်သည်။ ရတနာမြတ် သုံးပါးအပေါ် သဒ္ဓါကြည်ညိုသော မဟာကုသိုလ်စိတ်များဖြစ်ပွားကာ ကျယ်ဝန်းနက်နဲသော ပိဋကတ်တော်များကို ဆက်လက်နာကြားပူဇော်နိုင်စေရန် ရည်သန်စိတ်ရင်းထားကြောင်း စာရေးသူကဆိုသည်။

ဤစာအုပ်ကို Wisdom House စာအုပ်တိုက် အခန်း(၁၀၁)၊တိုက်၁၁၉၁-၁၁၉၂ လက်ဝဲမင်းဒင်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၅၄၅၀၃၆က ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဖြန့်ချိသည်။

## Android ပေါ်မှလက်တွေ့သုံးနည်းပညာ

ဆရာသန်းထိုက်(ရွှေရိပ်)ရေးသားသော Android ပေါ်မှ လက်တွေ့သုံးနည်းပညာစာအုပ်ထွက်ရှိလာသည်။ Smart Phone အမျိုးမျိုးနှင့် Tablet အမျိုးမျိုးတွင် လက်တွေ့သုံးနိုင်ရန် ပြည့်စုံစွာရှင်းပြထားသည့် နည်းပညာ စာအုပ်ဖြစ်သည်။ Android Mobile OS ကို အသုံးပြုမောင်းနှင်သော Smart Phone အားလုံးနီးပါးတွင် အသုံးပြုနိုင်ရန် လိုအပ်သော Software များမှအစ ပြည့်စုံစွာပါရှိသည်။ Smart Phone အမျိုးမျိုးကို ပုံများနှင့်တကွ အသေးစိတ်ရှင်းပြထားသည်။ မြန်မာစာသွင်းနည်းများ၊ အင်တာနက်ချိတ်ရန်မလိုဘဲ GPS မြေပုံကူးထည့်ပုံများနှင့် Application အမျိုးမျိုးကို လက်တွေ့ရှင်းပြထားသည်။

ဤစာအုပ်ကို မဖြိုမစာပေအမှတ်-၂၃၇(ဝဲ) ပထမထပ် ၃၉ လမ်းအထက် ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## ရာဇဝင်ထဲက ဖြစ်ရပ်ဆန်းများ

စာရေးသူ တင်နိုင်တိုး ရေးသားထားသော ရာဇဝင်ထဲက ဖြစ်ရပ်ဆန်းများ စာအုပ်ကို ပထမအကြိမ်အဖြစ်ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

မြန်မာ့ရာဇဝင်သမိုင်းထဲမှ ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်များကို မြန်မာ့ရာဇဝင်ကျမ်းများမှ ရှာဖွေ၍ စိတ်ဝင်စားမှတ်သားဖွယ်ရာ ရေးသားထားခြင်းဖြစ်သည်။ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တို့မှ လူဝင်စားတို့အကြောင်း၊ ပုဂ္ဂိုလ်တချို့၏ ထူးခြားသော ဘဝနိဂုံး၊ ကုန်းဘောင်ခေတ် ထူးဆန်းအံ့ဩဖွယ် ပုရပိုက်၊ ကုန်းဘောင်မင်းတို့၏ နိမိတ်ပုံရိပ်နှင့် အိပ်မက်များ၊ စွယ်စုံကျော်ထင်ကျမ်းလာ နတ်ဒေဝါတို့အကြောင်း၊ ဗြိတိသျှတို့၏ နန်းသိမ်းယတြာ၊ အယူတော်မင်္ဂလာ ဦးနိုးနှင့် မှားယွင်းသော နိမိတ်ကောက်ကိန်းတချို့ စသည်တို့အပြင် အခြားစိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများ ပါဝင်သည်။

အလင်းသစ်စာပေ တိုက်-၆ အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၀၀၀နှုန်းဖြင့် ဖြန့်ချိထားသည်။

## လွယ်ကူလေ့လာ ဗီဒီယိုတည်းဖြတ်နည်းပညာ



စာရေးဆရာ အောင်ဇော်ဇော်ရေးသားသော လွယ်ကူလေ့လာ ဗီဒီယိုတည်းဖြတ်နည်းပညာစာအုပ်ထွက်ရှိလာသည်။ အဆိုပါ စာအုပ်တွင် မိုးရွာသွန်းမှုဖန်တီးခြင်း၊ မီးတောက်မီးလျှံများဖန်တီးမှု၊ ရေတံခွန်များ၊ လျှပ်ရောင်တန်းများဖန်တီးမှု စသည့် စသည့် ထူးထူးခြားခြား Effect များထည့်သွင်း၍ Video တည်းဖြတ်ခြင်းပညာရပ်များကို Video ဖြင့် စုံလင်စွာတင်ပြထားသည်။ လက်မလွတ်တမ်းဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။ မနောဖြူ စာပေ အမှတ် (၂၃၅) မြေညီထပ် ၃၇ လမ်း(အထက်) ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၄၃၈၇၃မှ တစ်အုပ်လျှင် ငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားသည်။

# ကိုနေး လေးဂိုးသွင်းပြီး နေပြည်တော်ကို အနိုင်ရ ခြေစွမ်းပြနေသည့် မနောမြေ F.C ဇေယျာရွှေမြေကို ရှုံးနိမ့်

ရန်ကုန် မတ် ၁၇

**MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၁၀) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ခြေစွာနေသည့် နေပြည်တော်နှင့် မနောမြေတို့ ရှုံးပွဲပြန်တွေ့ပြီး မကွေး F.C နှင့် ဇေယျာရွှေမြေတို့ နိုင်ပွဲရရှိသွားသည်။**

ရလဒ်ကောင်းများ ဆက်တိုက်ရရှိနေသည့် နေပြည်တော်တို့ မထင်မှတ်ဘဲ မကွေး F.Cကို မရှုမလှ အရေးနိမ့်သွားခဲ့ရသည်။ သုံးပွဲဆက်နိုင်ပွဲပျောက်နေသည့် မကွေးအသင်းမှာ ကွင်းလယ်လူ ကိုနေး၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မကွေးအတွက် အနိုင်ဂိုးများကို ကိုနေးတစ်ဦးတည်းက ၉၊ ၂၃၊ ၃၆၊ ၉၃ မိနစ်တို့တွင် လေးဂိုးသွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နေပြည်တော်အသင်း ချေပဂိုး ရရှိရန် ကြိုးစားခဲ့သော်လည်း မကွေးနောက်ခံလူများနှင့် ဂိုးသမား ကျော်ဇင်ဖြိုးတို့ လက်စွမ်းပြ ကာကွယ်သွား၍ နေပြည်တော်အသင်း ချေပဂိုးပင်မရဘဲ ရှုံးသွားရခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ရန်ကုန်အသင်း အပါအဝင် ငါးပွဲဆက်နိုင်ပွဲရထားသည့် မနောမြေအသင်း ရှုံးပွဲပြန်လည်ကြုံတွေ့ခဲ့ရသည်။ ရန်ကုန်နှင့်ပွဲလိုမျိုး မနောမြေတို့ ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ဇေယျာရွှေမြေ ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခြင်းမရှိခဲ့ပေ။ ဇေယျာရွှေမြေအသင်း အကောင်းဆုံး ခြေစွမ်းမျိုး ပြသနိုင်ခြင်းမရှိသော်လည်း သုံးပွဲဆက်နိုင်ပွဲရရှိရန် စွမ်းဆောင်နိုင်ခဲ့ပြီးအနိုင်ဂိုးကို ၇၆ မိနစ်တွင် ဆာဆာက ခေါင်းတိုက်သွင်းယူခဲ့သည်။

**ယနေ့ပွဲ**

**(ဗထူးကွင်း)**

**ရတနာပုံ - ကမ္ဘောဇ**

**(သုဝဏ္ဏကွင်း)**

**Southern - ဟံသာဝတီ**

**(အောင်ဆန်းကွင်း)**

**ချင်း - မောရဝတီ**

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

**မကွေးအသင်း ပယ်နယ်တီရရှိစေခဲ့သည့် မျိုးဇော်ဦး၏ ထိုးဖောက်မှုကို နေပြည်တော်နောက်ခံလူများ တားဆီးနေစဉ်။**

# 8-ball အမျိုးသမီးအားကစားသမား ၄၄ ဦး အကြိတ်အနယ် ယှဉ်ပြိုင်ကစားလျက်ရှိ

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ 8-ball အမျိုးသမီးအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိရေးအတွက် အဓိက ရည်ရွယ်ချက်ဖြင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပြီး Myanmar Brewery Ltd.က ကူညီပံ့ပိုးကာ မြန်မာနိုင်ငံတွင် ပထမအကြိမ် ABC National Women Poll 8-ball Championship ပြိုင်ပွဲကို မတ် ၁၀ ရက်က စတင်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကုက္ကိုင်းရေကူးအသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ရှိသည်။

အဆိုပါပြိုင်ပွဲ၌ အားကြိုးမာန်တက် ကြိုးစားပြီး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မျိုးဆက်သစ် 8-ball အမျိုးသမီး အားကစားသမားများအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် 8-ball အမျိုးသမီးအားကစားပြိုင်ပွဲ ကျွမ်းကျင်ပညာရှင်တို့က အားရကျေနပ်မှုရရှိပြီး ပြိုင်ပွဲ၌ အကောင်းဆုံးလက်စွမ်းပြနိုင်မည့် မျိုးဆက်သစ် Women 8-ball အားကစားသမားများအား ရွေးချယ်ကာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံးကျင်းပသည့် Women Poll 8-ball Championship ပြိုင်ပွဲ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးနှင့် Poll 8-ball မျိုးဆက်သစ် အမျိုးသမီးများ စိတ်ချမ်းမြေ့စွာဖြင့် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် Co-Sponsor များဖြစ်ကြသော Phobos၊ 100 Plus Energy၊ M.D.G၊ Gold Roast၊ Citygn Enterprise၊ Canon၊ Haier၊ Ambur Electronic Co.,Ltd.၊ ကုက္ကိုင်းရေကူးအသင်းတို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးပေးလျက်ရှိသည်။ ပြိုင်ပွဲ၏ ဗိုလ်လုပွဲကို မတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် ယင်းရေကူးကန်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

# ၂၀၁၂ ခုနှစ် နွေရာသီရှက်လှေ သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၇**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်နှင့် အမှတ် (၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ၂၀၁၂ ခုနှစ် နွေရာသီ ရွက်လှေသင်တန်းဆင်းပွဲ၊ ဆုပေးပွဲနှင့် ညစာစားပွဲကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ရန်ကုန်ရွက်လှေအသင်း မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်ရွက်လှေအသင်းဥက္ကဋ္ဌ ဦးမျိုးတင်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးသိန်းစိုးက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်၍ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် ဦးမျိုးတင်တို့က ရွက်လှေပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ယမန်နှစ် သင်တန်းသားများ ရွက်လှေပြိုင်ပွဲ၌ အောင်နိုင်ဆု ရရှိကြသူများအားလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက သင်တန်းသားတက်ရောက်မှုအများဆုံး ကျောင်းများဖြစ်သော အထက(၂)လသာနှင့် အထက (၂) ကမာရွတ်ကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# 2012 MYANMAR C.P OPEN TENNIS TOURNAMENT ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၇**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ MYANMAR C.P LIVE STOCK Co., Ltd. က ပံ့ပိုးကူညီသည့် 2012 MYANMAR C.P OPEN TENNIS ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် MYANMAR C.P LIVE STOCK Co.,Ltd. အကြံပေးအရာရှိ ဦးစိုးလွင်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ထို့နောက် ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပရာ ပြိုင်ပွဲ ၂၅ ပွဲ ကျင်းပပြီးစီးသည်။ ပြိုင်ပွဲကို နေ့စဉ်နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နှစ်လုံးထီရောင်းသူအား ဖမ်းဆီး

**ဝမ်းတွင်း မတ် ၁၇**

လောင်းကစားမှုပပျောက်ရေးစီမံချက်အရ ဝမ်းတွင်းမြို့နယ် ရဲတပ်ဖွဲ့သည် သတင်းအရ မတ် ၁၆ ရက်က ဂုဏ်ရွာနေ ဦးဌေးဦး၏ အိမ်သို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သည်။

ဦးဌေးဦး (၃၉)နှစ်အိမ်မှ နှစ်လုံးထီလောင်းကစားသည့် စာရွက်စာတမ်းများနှင့်အတူ လောင်းကြေးငွေကျပ် ၃၈၆၀၀ ကို သက်သေများရှေ့မှောက်တွင် ဖမ်းဆီးရမိခဲ့သည်။ ဝမ်းတွင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်ဇော်က တရားလိုပြုလုပ်၍ ဝမ်းတွင်းရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ဦးဌေးဦးအား ရဲစခန်း(ပ) ၆၀/၂၀၁၂ လောင်းကစားပုဒ်မ-၁၅ (က)/၁၆(က)ဖြင့် အရေးယူထားကြောင်းသိရသည်။(၁၁၁)



# လောင်းကြေးငွေကျပ် ၃၂ သိန်းကျော်နှင့်အတူ ချဲဒိုင်ဖမ်းမိ

**ရေတာရှည် မတ် ၁၇**

တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုစရိုက်နှိမ်နင်းရေး အထူးအဖွဲ့နှင့် ကေတုမတီမြို့သစ်ရဲစခန်း ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ(အရှေ့ဆင်ရွာအုပ်စု) ဘန္နောင်းကျေးရွာနေ သောင်းဝင်း အသက် (၄၂)နှစ် နေအိမ်ကို ချဲထီများရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ နေအိမ်အပေါ်ထပ်နောက်ခန်းအတွင်းမှ ချဲထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ လောင်းကြေးငွေစက္ကူရောရာ ငွေကျပ် ၃၂ သိန်းနှစ်သောင်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကေတုမတီမြို့သစ်ရဲစခန်းမှ (ပ)၄၆/၂၀၁၂ လောင်းကစားဥပဒေပုဒ်မ-၁၅ (က)/၁၆(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။**(ဝဲပုံ)** (၅၇၈)

**ယနေ့ ဖတ်စရာ မှတ်စရာ** ● အောင်ကျော်ညို (ဆင်ချဆိပ်)

# မရှိမကောင်း ရှိမကောင်း

မြန်မာကဗျာလက်ရွေးစင်စာအုပ်မှ ဆရာကြီး ဗန်းမော်ညိုနွဲ့၏ "လက်ဖက်ရည်ကြမ်းဝိုင်း" ကဗျာကို ရင်ထဲစွဲနေသည်။ အညာကျေးလက်ညခင်းတွင် လက်ဖက်ရည်ကြမ်းနှင့် ဝိုင်းဖွဲ့ကာ စကားဆိုမြည် ဝိုင်းကြီးစည်ခဲ့ကြသော၊ ရွာသစ်တည်၍ ပြည်သစ်ဆောက်ခဲ့ကြသော ကျေးလက်၏ ချစ်စရာ့ ဓလေ့၊ တစ်နည်း ကျေးလက်နေပြည်သူတို့၏ "လက်ဖက်ရည်ကြမ်းဝိုင်းယဉ်ကျေးမှု"။

မြို့ပြလူတန်းစားများ အနားယူချိန်တွင်မူ လက်ဖက်ရည်ဆိုင်ထိုင်တတ်ကြသည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသဖြင့် အကြောင်းခြင်းရာပေါင်းစုံကို သန်ရာသန်ရာ ပြောကြ၊ ဆိုကြ၊ ငြင်းခုံကြနှင့် စိတ်၏ဖြေရာ လက်ဖက်ရည်ဆိုင်ထိုင်သည့် အလေ့အထ။ မြို့ပြ၏ "လက်ဖက်ရည်ယဉ်ကျေးမှု"။

ဩစတြီးယားမြို့တော် ဗီယင်နာ၏ ကော်ဖီဆိုင်များကို "ကော်ဖီယဉ်ကျေးမှု" အဖြစ် ယူနက်စကို အမွေအနှစ် စာရင်းသွင်းထားကြောင်း သတင်းတစ်ပုဒ်တွင် ဖတ်လိုက်ရသည်။

ယခုတစ်ခါ ခေတ်လူငယ်များကြား ယဉ်ကျေးမှုသစ်တစ်ခု တိုးလာခဲ့သည်။ ၂၀ ရာစုနှောင်းပိုင်းမှ အစပြုလာခဲ့ပြီး ယခုအခါ အားကောင်းမောင်းသန် ဖွံ့တည်လာခဲ့သော "ဘီယာယဉ်ကျေးမှု"။ အနားယူချိန် နေ့ ည မရွေး ဘီယာဆိုင်ထိုင်လာကြသည်။ ဘီယာစတေရှင်တွေ၊ စားသောက်ဆိုင်တွေ မြို့ပြအနှံ့ မှိုလိုပေါက်လာသည်။ ထူးခြားသည့်မြင်ကွင်းမှာ မိန်းမပျိုလေးများ ယောကျ်ားလေးများနှင့်အပြိုင် ဝိုင်းဖွဲ့သောက်စားလာနေကြခြင်းပင် ဖြစ်သည်။

"သေနှင့်အရက်၊ စီးပွားဖျက်ကို တစ်စက်ကယ်မှ၊ မသောက်ကြနှင့် ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရည်" ဟု ရေးဖွဲ့ပညာပေးခဲ့သော ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာသည် အင်တာနက်ခေတ် လူငယ်များကြားတွင် မေ့ပျောက်ခံနေရသည်။ အရက်၏ ဆိုးပြစ်များကို ငယ်သေး၍ သူတို့မသိကြသေး။ အရက်ကြောင့် သားအရင်းကိုသတ်ပြီးပွဲတော်တည်ခဲ့သော ဘုရင်ကြီးအကြောင်း ဇာတကတွင် ရေးဖွဲ့ထားသည်။

မြန်မာ့သမိုင်းတွင် စွမ်းရည်ထက်မြက်သော တပင်ရွှေထီးဘုရင်ကြီး အရက်ကြောင့် ဘဝပျက်ခဲ့ရသည်။ ၂၀၀၉ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးတွင် လူသတ်မှုအများဆုံး မှတ်တမ်းဝင်ခဲ့သောမြို့နယ်တွင် ကျွန်တော် ကျောင်းဆရာတာဝန်ထမ်းခဲ့သည်။ ကျောင်းလွှမ်းခြုံနယ်မြေအတွင်း လူသတ်မှုသုံးမှုဆက်တိုက် ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်အားလုံး၏ လက်သည်တရားခံမှာ အရက်သေစာ သောက်စားအမူးလွန်မှုကြောင့်ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် အရက်၊ ဘီယာဆိုင်များ လိုင်စင်အသစ် ချမပေးတော့ဘဲ ရှိပြီးဆိုင်များကိုသာ သက်တမ်းတိုးပေးသွားမည်ဟု သိရသည်။ "နှိုင်းနှိုင်းချိန်ချိန် သုခမိန်" ဆိုစကားအတိုင်း မရှိမကောင်း ရှိမကောင်း အရက်၊ ဘီယာဆိုင်များကိုစွ "တန်ဆေး လွန်ဘေး" ထိန်းညှိဆောင်ရွက်လာသည်မှာ ဆီလျော်သော အစီအမံဖြစ်သည်။ လက်ရှိတစ်နိုင်ငံလုံးတွင် လိုင်စင်ရ အရက်၊ ဘီယာဆိုင်ပေါင်း ၄၁၃၀၃ ထိ ရှိနေပြီးဖြစ်ရာ ပျမ်းမျှ လူ ၁၅၀၀ ဝန်းကျင်တွင် တစ်ဆိုင်နှုန်းနှင့်ပင် များလွန်းနေသည်။ ၎င်းတွင် အရက်ပုန်းဆိုင်များပါ ထပ်ဆောင်းလိုက်ပါက ကြုံလာရမည့် ပရမ်းပတာဝန်းကျင်များနှင့် လူမှုဒုက္ခ အနိဋ္ဌာရုံမျိုးစုံကို ရှောင်လွှဲမရ မြင်ရ၊ တွေ့ရ၊ ရင်ဆိုင်လာရဦးမည်ဖြစ်သည်။

လူ့သဘောသဘာဝအရ တချို့ တရားရိပ်ခို ငြိမ်းချမ်းမှုတွင် မွေ့လျော်ကြသလို တချို့အပျော်ရှာလျက် သောက်စားပျော်ပါး အပူနယ်ကို ခုံမင်တတ်ကြသည်။ ထို့ကြောင့်လည်း ကွဲပြားသော စရိုက်လက္ခဏာများအတိုင်း လိုက်လျောညီထွေ ဝန်းကျင်များကို စည်းနှင့်ကမ်းနှင့် ခွင့်ပြုထားကြရသည်။

မလျော့လွန်း မတင်းလွန်းသော "မဇ္ဈိမပဋိပဒါ" အလယ်အလတ်လမ်းသည် ဘုရား၊ ရဟန္တာသူတော်ကောင်းများ လျှောက်လှမ်းသော လမ်းဖြစ်သလို ယနေ့ အောင်မြင်နေသော နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်များတွင်လည်း တွေ့မြင်နိုင်သည်။

မတူကွဲပြားသော စရိုက်လက္ခဏာများနှင့် အတူတွဲနေတတ်ကြသော လူမှုဝန်းကျင်တွင် "ဥမကွဲ သိုက်မပျက်" စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လူ့အဖွဲ့အစည်းတစ်ခုကို မိမိကိုယ်မိမိ တာဝန်ယူလျက် "ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ" တည်ဆောက်နိုင်ကြပါစေ။ ပီတိဝေဆာသော သီရိဂေဟာအမိမြေတစ်လွှားပန်းပေါင်းတစ်ရာကျော် လွတ်လပ်ပျော်ပါး ငွားငွားစွင့်စွင့် ပွင့်လန်းမွှေးကြိုင် အလှချင်းပြိုင်နိုင်ကြပါစေ။ ။

# မိတ္ထီလာတွင် မီးလောင်မှုဖြစ်ပွား

**မိတ္ထီလာ မတ် ၁၇**

မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက် နယ်မြေ (၃) နေ ဦးခင်မောင်စိန်၏ သုံးပင်ပတ်လည် ထရံကာအိမ်မီးဖို မီးကြွင်းမီးကျန်မှုစ၍ မတ် ၁၇ ရက် နံနက် ၁ နာရီက မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်လျှင်လောင်ချင်း မိတ္ထီလာ မီးသတ်ဦးစီးဌာနမှ မီးသတ်ကားခြောက်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် ရပ်ကွက်လူထုက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။ စုစုပေါင်း အိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးသွားခဲ့ပြီး မီးလောင်မှုကြောင့် လူ ၄၄ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်သွားကြောင်းသိရသည်။**(အောက်ပုံ)** မီးလောင်မှုကို မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက တရားလိုပြုလုပ်၍ အမှတ် (၁) ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ဦးခင်မောင်စိန်အား ရဲစခန်း(ပ) ၁၁၄/၂၀၁၂ ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၁၁၁)



# ၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

# စစ်ရေးပြအခမ်းအနားအတွက် အလှူငွေများ ပေးအပ်

နေပြည်တော် 　 မတ် 　 ၁၇

**၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်၊ အလှူရှင်များက တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီးနှင့်စစ်ကြောင်းမှူးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလှူရှင် များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသော ရှော့သ်မင့် အော့ဖ်ပေါလ်မောလ်မြန်မာပရိုက်ဗိတ်နှင့် အကျိုးတူ ကုမ္ပဏီလုပ်ငန်းများ၊ ရုံးချုပ်နှင့်ရာနှုန်းပြည့်/ဖက်စပ်/ ကုမ္ပဏီလုပ်ငန်းများ၊ ကမ္ဘောဇဘဏ်လီမိတက်၊ မြဝတီ ထရေးဒင်းလီမိတက်နှင့် အကျိုးတူကုမ္ပဏီလုပ်ငန်းများ၊ ဧဒင်ကုမ္ပဏီ၊ မက်စ်မြန်မာကုမ္ပဏီ၊ အေးရှားဝေါလ် ကုမ္ပဏီ၊ ထူးထရေးဒင်းကုမ္ပဏီ၊ အော်ရီဂျင်နယ်ကုမ္ပဏီ၊ ဧရာရွှေဝါကုမ္ပဏီ၊ ဂိုးဒင်းဖလားဝါးကုမ္ပဏီ၊ ဂိုးဒင်းဂိတ် ကုမ္ပဏီတို့က အသီးသီးလှူဒါန်းကြရာ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့် ရေးအရာရှိချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များကို ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ရွှေတောင်ကုမ္ပဏီ၊ နောင်တုံကုမ္ပဏီ၊ ဆောင်းဟေမာန်ကုမ္ပဏီ၊ တကောင်ဘွားကုမ္ပဏီ၊ အောင်ချမ်းသာကုမ္ပဏီ၊ မြန်မာဆန်းစစ်ကုမ္ပဏီ၊ မြန်မာဘရူဝါရီလီမိတက်နှင့် ကုမ္ပဏီလုပ်ငန်းများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ဝင်းဝင်းကုမ္ပဏီ၊ ကေတုမတီကုမ္ပဏီ၊ မြန်မာ့အလှကုမ္ပဏီ၊ ရွှေတောင်ဦး ကုမ္ပဏီတို့က အသီးသီးလှူဒါန်းကြရာ တပ်မတော်နေ့ ကျင်းပရေး **စာမျက်နှာ ၉ ကော်လံ ၄ သို့◆**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း ၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်၊ အလှူရှင်များက တပ်မတော်နေ့စစ်ရေးပြအခမ်းအနား အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ယနေ့သတင်းအညွှန်း

ပဲခူးမြို့ရှိ သမိုင်းဝင် ရွှေမော်ဓော စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ၁၀ ရက်တိုင်တိုင် ကျင်းပမည်

ပြည်တွင်းသတင်း စာမျက်နှာ ၉

လက်ရှိလိုင်စင်ရ အရက်၊ ဘီယာဆိုင်ပေါင်း ၄၃၃၀၃ ရှိပြီးဖြစ်ရာ ပျမ်းမျှလူ ၁၅၀၀ ဝန်းကျင်တွင် တစ်ဆိုင်နှုန်း၊ အရက်ပုန်း ဆိုင် ထပ်ဆောင်းပါက ကြုံလာရမည့် အန္တရာယ် မျိုးစုံကို မြင်ရတွေ့ရဦး မည်. . .

ဖတ်စရာမှတ်စရာ စာမျက်နှာ ၁၀

အသက်ကိုးလမှ ငါးနှစ် အတွင်း ကလေးများကို ဝက်သက်ရောဂါ ကာကွယ် ဆေး မကြာမီ တစ်နိုင်ငံလုံး အစုလိုက်ထိုးပေးမည်

ပြည်တွင်းသတင်း စာမျက်နှာ ၃

ယာဉ်တိုက် ခံရသူများ အား ကူညီကယ်ဆယ်သူ များသည် ပြစ်မှုကျူးလွန် ခြင်းမဟုတ်၍ အမှုမပတ်

ပြည်တွင်းသတင်း စာမျက်နှာ ၆

စီးကရက် သောက်မှု ဆန့်ကျင်ရေး ကြိုးပမ်းမှု အမေရိကန်နိုင်ငံ၌ တိုးတက် အောင်မြင်

နိုင်ငံတကာသတင်း စာမျက်နှာ ၅

## နိုင်ငံတကာအားကစားသတင်း

# လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင်မည့် ဘရာဇီးအသင်းတွင် ရော်နယ်ဒင်ဟို ပါဝင်လာဖွယ်ရှိ

**ရီယိုဒီဂျနေးရိုး 　 မတ် 　 ၁၇**

*လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင်မည့် ဘရာဇီးအသင်းတွင် ဘရာဇီး လက်ရွေးစင်အသင်း ကစားသမားဟောင်း ရော်နယ်ဒင်ဟို **(အပေါ်ပုံ)** ပါဝင်လာဖွယ်ရှိကြောင်း ဘရာဇီးအခြေစိုက် သတင်းဌာနများက သတင်းထုတ်ပြန်ခဲ့ကြသည်။*

*၎င်းအပြင် ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လူးဝစ်ဇ်နှင့် ဘာစီလိုနာ နောက်ခံကစားသမား ဒန်နီယယ်အဲဗက်စ်တို့လည်း ပါဝင်လာဖွယ်ရှိ ကြောင်း အဆိုပါသတင်းဌာနများ၏ အဆိုအရသိရသည်။*

*လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင်မည့် ဘရာဇီးအသင်းကို ကိုင်တွယ်မည့် နည်းပြမန်နိုမီနိုဇက်စ် ရွေးချယ်ထားသည့် ကစားသမား ၅၂ ဦးစာရင်းတွင် အသက် ၂၃ နှစ်အထက် ကစားသမားများအဖြစ် ပါဝင်ခွင့်ရရန် ရော်နယ် ဒင်ဟို၊ ဒေးဗစ်လူးဝစ်ဇ်နှင့် ဒန်နီယယ်အဲဗက်စ်တို့မှာ အထင်ရှားဆုံးကစား သမားများဖြစ်သည်။ ၎င်းတို့၏နောက်တွင် အင်တာမီလန်ဂိုးသမား ဂျူလီယိုဆီဇာ၊ အေစီမီလန်နောက်ခံလူ သီယာဂိုဆေးလ်ဗားနှင့် ပေါ်တို တိုက်စစ်မှူး ဟုခ် တို့မှာ ဒုတိယရေပန်းအစားဆုံး ကစားသမားများဖြစ် သည်။ လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင်မည့် ဘရာဇီးအသင်း၏ ၁၈ ယောက်လူ စာရင်းတွင် အသက် ၂၃နှစ် အထက်ကစားသမားသုံးဦးသာ ပါဝင်ကစား ခွင့်ရရှိမည်ဖြစ်သည်။*

*အဆိုပါ ကစားသမား ၅၂ ဦးစာရင်းတွင် လူငယ်ကစားသမားများ အဖြစ်ပါဝင်ကစားခွင့်ရရန် ရေပန်းအစားဆုံးကစားသမားများမှာ ဆန်းတိုစ်အသင်း၏ လူငယ်ကြယ်ပွင့် နေမာ၊ အေစီမီလန်အသင်း တိုက်စစ်မှူး ပါတို၊ မန်ယူနောက်ခံလူ ရာဖေးလ်နှင့် စပါးကစားသမား ဆန်ဒရိုတို့ဖြစ်သည်။*

*အင်တာနက်*

# ဧဝရက်တောင်ထိပ်၏ အမြင့်ကို အတိအကျသိရှိရေး တိုင်းတာရန်လိုအပ်

ခေတ္တမန္ဒူ 　 မတ် 　 ၁၇

**ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သော ဧဝရက်တောင်၏ အမြင့်ကို အတိအကျသိရှိနိုင်ရန် တရုတ်နိုင်ငံ၏ နည်းပညာနှင့် ငွေကြေးအကူ အညီကိုရယူကာ တိုင်းတာမှုများ ပြုလုပ်သွားလိုကြောင်း နီပေါဘူမိ ဗေဒလေ့လာရေးသိပ္ပံက ပြောကြားသည်။**

**ဧဝရက်တောင်သို့ တက်ရောက်သူ အမေရိကန် တောင်တက်သမားတစ်ဦးကို တွေ့ရစဉ်။**

အင်တာနက် သိပ္ပံသတင်း

ဘာသာပြန်-စံစံ

ကမ္ဘာပေါ်တွင် အမြင့်မားဆုံး တောင်ထွတ်တည်ရှိရာ ဧဝရက် တောင်၏ အမြင့်နှင့် ပတ်သက်၍ နီပေါနှင့် တရုတ်နိုင်ငံတို့အကြား ကာလကြာရှည်စွာ အငြင်းပွားမှု တစ်ရပ် ပေါ်ပေါက်နေခဲ့သည်။

တရုတ်နိုင်ငံသည် ဧဝရက် တောင်၏ မြောက်ဘက်ပိုင်းဒေသ ကို မျှဝေပိုင်ဆိုင်သည်။

တရုတ်နိုင်ငံမှ သုတေသီများ သည် တောင်တက်သမားများနှင့် အတူ ၂၀၀၅ ခုနှစ် မေလတွင် ဧဝရက်တောင်ပေါ်သို့ တက်ကာ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ သည်။

ဧဝရက်တောင်၏ တောင်ထွတ် သည် ၂၉၆၂၈ ပေ (၈၄၄၈ မီတာ) အမြင့်၌ တည်ရှိသည်ဟု နီပေါနိုင်ငံ က ပြောကြားခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့✳**

## နိုင်ငံတကာအနုပညာရပ်ဝန်း

# ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်မင်းသမီးအဖြစ် အဆိုတော် ကင်မ်ဂျေကျောင်း ပါဝင်သရုပ်ဆောင်မည်

ကိုရီးယားအမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့တစ်ခုဖြစ်သည့် Rainbow တေးဂီတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦး ဖြစ်သည့် ကင်မ်ဂျေကျောင်းသည် jTBC ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပထမဆုံးအကြိမ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကင်မ်ဂျေကျောင်းသည် jTBC ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် Monster အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင် မင်းသားကွန်ဆီအင်နှင့် တွဲဖက်၍ နာယူမီအဖြစ် အဓိကဇာတ်ဆောင်နေရာမှ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း jTBC ရုပ်သံလိုင်းက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာသည်။

နာယူမီအဖြစ် ဖျော်ဖြေရေးစင်မြင့်ထက်တွင် ဆွဲဆောင်မှုအပြည့်ဖြင့် ဖျော်ဖြေတင်ဆက်သည့်ဟန်နှင့် အခြားသရုပ်ဆောင်ဟန်များကို အရည်အချင်းရှိရှိနှင့် **စာမျက်နှာ ၉ ကော်လံ ၃ သို့❖**

**Rainbow တေးဂီတအဖွဲ့မှ အဆိုတော်ကင်မ်ဂျေကျောင်း။**